# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 27 October 2022 ၁၀၉၀၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ကြီးနှင့် မှော်ဘီတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် တိုက်ကြီးနှင့် မှော်ဘီတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ခန်းမများတွင် သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီချုပ်(ကြည်း) က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


**အဆိပ်မှိုင်းနှင့် အဆိပ်သင့်ဆဲ၊ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်ဆဲ**

ဆောင်းပါး စာမျက်နှာ » ၆

**ချမ်းသာခြင်းက ဂုဏ်ရှိသည် . . .**

ဆောင်းပါး စာမျက်နှာ » ၁၀



**ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းအစို တင်ပို့မှုမြင့်တက်**

စာမျက်နှာ » ၁၂

**ပထမနှစ် (ဒုတိယနှစ်ဝက်) နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများ အားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်**

စာမျက်နှာ » ၉

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၇ ဦးတွေ့ရှိ**

စာမျက်နှာ » ၂၀



**ဂျပန်နိုင်ငံ၌ ငါးနှစ်အောက်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ**

စာမျက်နှာ » ၁၃

ကြေးမုံ

# ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဖန်တီး စီးပွားရေးလုပ်ငန်းများမြှင့်တင်

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုသည် အခြေခံကျသည့်အချက်ဖြစ်သည်။ လုပ်ငန်းကြီးများ ဆောင်ရွက်ရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများလိုအပ်ပြီး လုပ်ငန်းငယ်များ ဆောင်ရွက်ရန်အတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများလိုအပ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာအောင် မူဝါဒများ၊ လက်တွေ့ဖန်တီးဆောင်ရွက်ပေးမှုများဖြင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနေသည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများအား ရင်းနှီးမြှုပ်နှံမှုချေးငွေများကို အစဉ်အဆက်ထုတ်ချေးပေးလျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ တစ်ကမ္ဘာလုံးဖြစ်ပွားလာသောအခါတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားရေးကို ပြန်လည်မြှင့်တင်နိုင်ရန်အတွက် မတည်ရင်းနှီးငွေများ ထုတ်ချေးပေးခဲ့သည်။ ချေးငွေရယူထားသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများအောင်မြင်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီးနောက် နိုင်ငံတော်မှ ထုတ်ချေးထားသော ချေးငွေများကို ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ ချေးငွေများကို ပြန်လည်ပေးဆပ်ရာ၌ သတ်မှတ်ကာလတစ်ခုအထိ ဖြေလျှော့ပေးမှုများပြုလုပ်ထားသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထွက်ရှိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပြီး အသေးစား၊ အငယ်စားနှင့်အလတ်စား MSME စီးပွားရေးလုပ်ငန်းများကို အစိုးရက မြှင့်တင်အားပေးလျက်ရှိသည်။ MSME စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် MSME စီးပွားရေးလုပ်ငန်းများ အားကောင်းလာပြီး ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရက ရင်းနှီးမြှုပ်နှံငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ပြည်တွင်းစီးပွားရေးတိုးတက်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမှအစ အဘက်ဘက်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် စီးပွားရေးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အလားအလာကောင်းနှင့် အခွင့်အလမ်းကောင်းများစွာရှိသော်လည်း နိုင်ငံရေးပထဝီဝင်ဂရိုက်ခတ်မှုကြောင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ သို့သော် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၌ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၃ ခုကို ခွင့်ပြုပေးနိုင်ခဲ့သည်။ အဆိုပါပြည်ပရင်းနှီးမှုလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၈ ဒသမ ဝ၁၇ သန်းနှင့် ငွေကျပ် ၁၆၇၃၃၆ ဒသမ ၃၉၉ သန်းရှိသည်။ အဆိုပါလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်သောကြောင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၆၈၅ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံနှင့်ဒေသစုစုပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားသော နိုင်ငံနှင့်ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားသောကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေသည်။

ယခုအခါတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ရင်းနှီးမြှုပ်နှံမှုကော်မတီများက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ခွင့်ပြုပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လပတ်တွင် စက်မှုကဏ္ဍ၌ လုပ်ငန်းလေးခု၊ ဝန်ဆောင်မှုကဏ္ဍ၌ လုပ်ငန်းတစ်ခု စုစုပေါင်း ငါးခု ရင်းနှီးမြှုပ်နှံခွင့်ပြုပေးခဲ့သဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၅၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ ဒုတိယခြောက်လပတ်အတွင်း၌လည်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း အလားတူတိုးတက်လာသဖြင့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အမျိုးသားရေးရည်မှန်းချက်များကို စိန်ခေါ်မှုများကြားမှ လက်တွေ့အကောင်အထည်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စီးပွားရေးတွင် အဓိကကျသည့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာတိုးမြှင့်ဖော်ဆောင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာအောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဒေါက်တာ မာလာမျိုးညွှန့် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးဇော်မိုးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရပရိယတ္တိစာသင်တိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဏ္ဍိတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ သဒ္ဓမ္မဇောတိကာရကျောင်းတိုက်၊ ဒေါပုံမြို့နယ်ရှိ ပြဿဒ်ပရိယတ္တိစာသင်တိုက်နှင့်မြောက်ဥက္ကလာပမြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သုဇနာရာမကမ္မဋ္ဌာနအေးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရတနာပုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သာသနာ့ဝန်ဆောင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အောင်မင်္ဂလာနမ့်ဆန် ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဥဿဟကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆ - ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| --- | --- | --- | --- | --- |
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၁,၀၅၀ | ၉,၈၇၀,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၄,၅၁၃ | ၁၅,၅၆၉,၈၅၀ |
| MCB | ၇,၈၀၀ | ၇,၇၀၀ | ၁၇၂ | ၁,၃၂၆,၃၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၄၀၀ | ၈,၀၀၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၉ | ၂၄,၃၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၄၂၂ | ၁,၁၃၆,၇၀၀ |
| AMATA | ၅,၀၀၀ | ၅,၁၀၀ | ၁၈၈ | ၉၅၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
| --- | --- | --- | --- |
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၀၅.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၂.၅၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၆၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၅.၄၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၈၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၉.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၁.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၇.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
| --- | --- | --- | --- |
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးစိစစ်ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီတပ်နယ်ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌ ပြုလုပ်သည့် ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

### စိစစ်ရွေးချယ်

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်း(မှော်ဘီ)ကျောင်းအုပ်ကြီး နှင့် တာဝန်ရှိသူများ တက်ရောက် ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းတွေ့ဆုံကာ သင်တန်း ကာလတစ်လျှောက် စည်းကမ်း လိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ် ရွေးချယ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် သင်တန်း ကျောင်းစားရိပ်သာ၌ သင်တန်း သားဗိုလ်လောင်းများ၊ အထူး တပ်စုမှူး(အမျိုးသမီး) သင်တန်း သားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**



## တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မှော်ဘီတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်အပေါ် အကောင် အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ များ၊ အမျိုးသားရည်မှန်းချက် နှစ်ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေး၊ စားရေ ရိက္ခာဖူလုံရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ် နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ သော ပြည်ထောင်စုတည်ဆောက်ရေး တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း အကြောင်းရင်းနှင့် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ နိုင်ငံတကာ ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုအခြေ အနေများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေ များ။

### ရှင်းလင်းမှာကြား

တပ်မတော်နှင့်ပတ်သက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူချိန်မှ စပြီး စားရေရိက္ခာပြည့်ဝဖူလုံရေးအတွက် တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုး မွေးမြူရေးကို မူဝါဒများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ သဖြင့် တပ်တွင်း စားဝတ်နေရေးကို အဆင်ပြေစေပြီး ဖူလုံပိုလျှံသော ထွက်ကုန် များကို ဒေသခံပြည်သူများသို့ သက်သာ သော နှုန်းထားများဖြင့် ရောင်းချနိုင်ခဲ့ သည့် အခြေအနေများ၊ စစ်သည်/ မိသားစုဝင်များအတွက် စားရေး၊ နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး များတွင် သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ၂၄ နာရီ အပြည့်အဝ တာဝန်ထမ်းဆောင်နိုင် ရန် လုံခြုံရေးအသိ၊ လုံခြုံရေး သတိမပြတ် ရှိနေရန် လိုအပ်သည့် အခြေအနေများ၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး လေးရပ် နှင့် တပ်နေပျော်ရေးတို့ကို အဆက်မပြတ် အကောင်ထည်ဖော် ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို အရာရှိ/ စစ်သည်/ မိသားစုဝင်များအနေဖြင့် အသိမှန်မှ အလုပ်မှန်မည်ဖြစ်၍ အသိမှန်စေရေး အသေးစိတ် ရှင်းလင်းမှာကြားခဲ့ပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေး သည်။

### ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)သည် တပ်နယ်များ အလိုက် အရာရှိ၊ စစ်သည်၊ မိသားစုများ အတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူ ကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြ သည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မှော်ဘီတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်စဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၆

၂၀၂၃ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ၂၀၂၃ခုနှစ်(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇင်မင်းထက်၊ ဦးအောင်ကျော်ထွန်း၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်း၊ ဦးမျိုးလှိုင်၊ ဦးဝင်းဖေ၊ ဦးဇော်အေးမောင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သည် အရေးကြီးသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင်ကျင်းပသည့် အခမ်းအနားများအနက် အခမ်းနားဆုံး၊ အမြင့်မားဆုံး နိုင်ငံတော်အဆင့်အခမ်းအနားတစ်ခုအဖြစ် ဆောင်ရွက်ရန်လမ်းညွှန်ထားပါကြောင်း။

စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားမကျင်းပမီ အခြားသော ဂုဏ်ပြုအစီအစဉ်များကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုယာဉ်များကို ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက အချိန်ယူကာ စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပြီးဖြစ်၍ အတွေ့အကြုံရှိပြီးဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံကို အခြေခံ၍ ပိုမိုခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရန် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်ခြောက်ရပ်ချမှတ်ဆောင်ရွက်ထားပြီး ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ လက်ရှိဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ကဏ္ဍအလိုက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတွင် ပေါင်းစပ်ပါဝင်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးဦးရဲတင့်က စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ၊ ပြခန်းများ ပြင်ဆင်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းသား ကျောင်းသူများ စာလုံးသရုပ်ဖော်မှု၊ ဂုဏ်ပြုယာဉ်များတွင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဗိုလ်ရှုခံရင်ပြင်တွင် အသံပိုင်းဆိုင်ရာ စက်ပစ္စည်း တပ်ဆင်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီ၏ (၉/၂၀၂၂) ကြိမ်မြောက်အစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထင်ရှားသည့် ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်လည်ပတ်ကာ အလွှာအသီးသီးမှဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများရရှိစေရေးတို့အတွက် ရည်ရွယ်၍ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၉/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း လက်ရှိဖြစ်ပေါ်တိုးတက်နေမှု လိုအပ်ချက်များကို သိရှိနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များ အစည်းအဝေးသို့ တက်ရောက်လာသူများက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်က ခရီးသွားလုပ်ငန်းကော်မတီ (၉/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးတွင် ကလေးမြို့ရှိ မြစ်သာရွှေရည် ဟိုတယ်သက်တမ်းတိုးခြင်းနှင့် ပိုင်ရှင်အမည်ပြောင်းခွင့်ပြုရေး၊ မုံရွာမြို့ရှိ ရွှေတောင်တန်း ၃ ဟိုတယ် သက်တမ်းတိုး ဆောင်ရွက်ရေး၊ ၉/၂၀၂၂ လအတွင်း ခရီးသွားဝင်ရောက်မှုအခြေအနေနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကား ပြောကြားသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက မြန်မာ့သိုင်း ဗန်တို၊ ဗန်ရှည်သရုပ်ပြသမှု၊ မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြမှုနှင့် စွန်လွှတ်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဆန်ကောရွက်အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ သံပရာသီးဇွန်းကိုက်အပြေးပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အေးချမ်းသာငွေစုငွေချေး သမဝါယမအသင်းက ပဥ္စမအကြိမ်အဖြစ် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

မြစ်ကြီးနား အောက်တိုဘာ ၂၆

သမဝါယမကဏ္ဍအနေဖြင့် ဒေသထွက်ကုန်များအား သမဝါယမအသင်းအချင်းချင်းချိတ်ဆက်၍ ကုန်စည်ဖလှယ်ရောင်းချပေးမှုများကို စားသုံးသူပြည်သူများအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်အတွင်း စားသုံးဆီ လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်နှင့် သမဝါယမအသင်းသားပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်ရည်ရွယ်၍ ကချင်ပြည်နယ်သမဝါယမဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနတို့ ချိတ်ဆက်၍ မြစ်ကြီးနားမြို့နယ်ရှိ အေးချမ်းသာငွေစုငွေချေးသမဝါယမအသင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်သမဝါယမအသင်းစုမှ ထုတ်လုပ်သော မြေပဲဆီသန့်ပိဿာချိန် ၁၀၀၀ အား ပဥ္စမအကြိမ်အဖြစ် ထပ်မံဝယ်ယူ၍ ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာနများမှတစ်ဆင့် အသင်းသားပြည်သူများသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၄)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

(၄၄)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် အလှည့်ကျဥက္ကဋ္ဌဖြစ်သော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် Virtual Conferencing စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ကြသည်။

(၄၄)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၌ အာဆီယံထိပ်သီးအစည်းအဝေးများမှ ထွက်ပေါ်လာသော လမ်းညွှန်ချက်များ၊ အာဆီယံဒေသတွင်း၌ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍနှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာမူဘောင်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး (၄၄)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစီရင်ခံစာတွင်ပါရှိသော အာဆီယံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စားနပ်ရိက္ခာကဏ္ဍ၊ သီးနှံကဏ္ဍ၊ ငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍနှင့် ၂၀၂၃ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဓိကလုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုကြသည်။

(၄၄)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံထားသည်နှင့်အညီ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်း၊ ပြည်ပပို့ကုန်မှရရှိငွေ ၃၅ ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းတို့သည် လယ်ယာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**တင်ပို့နိုင်ခဲ့**

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှ ပြည်ပတင်ပို့မှု ကျဆင်းခဲ့ခြင်းမရှိဘဲ ဆန်တန်ချိန် ၁ ဒသမ ၉ သန်း၊ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၈၇ သန်း ၊ ပြောင်းတန်ချိန် ၂ ဒသမ၆ သန်း ၊ နှမ်းတန်ချိန် သုည ဒသမ ၃ သန်းနှင့် ရေထွက်ပစ္စည်း တန်ချိန် သုည ဒသမ ၆ သန်းတို့ကို တင်ပို့နိုင်ခဲ့ကြောင်း၊ ထိုသို့ စားနပ်ရိက္ခာဖူလုံပိုလျှံစွာ ထုတ်လုပ်နိုင်မှုကြောင့် ဒေသတွင်းစားနပ်ရိက္ခာနှင့် အာဟာရဓာတ်ဖူလုံရေးကို ဝိုင်းဝန်းဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ဆောင်ရွက်နိုင်မှုသည် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ခု၏ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီပေးမှုကြောင့် ဖြစ်ပါကြောင်း ပြောကြားသည်။

အလားတူ (၂၂)ကြိမ်မြောက်အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးမှချမှတ်ခဲ့သော လယ်ယာကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များ၊ အာဆီယံအပေါင်းသုံးနိုင်ငံများအကြား စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ၊ အာဆီယံအပေါင်းသုံး ဆန်အရန်ရိက္ခာထားရှိရေး သဘောတူညီချက်နှင့် အာဆီယံစားနပ်ရိက္ခာ ဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်တို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်များကို ချမှတ်ပေးခဲ့ကြပြီး အစည်းအဝေးဆိုင်ရာ ပူးတွဲကြေညာချက်တို့ကို သဘောတူခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က အာဆီယံနိုင်ငံများရှိ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိသည့် အပေါင်းသုံးနိုင်ငံများ ဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ အာဆီယံအပေါင်းသုံး ဆန်အရန် ရိက္ခာထားရှိရေး သဘောတူညီချက်၏ Tier 3 ၂၀၂၂ ခုနှစ် အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့်ဆန်တန်ချိန် ၆၀၀ အား မြန်မာနိုင်ငံတွင် သိုလှောင်ရန် ကမ်းလှမ်းလာမှုအပေါ် ကြိုဆိုပါကြောင်းနှင့် ထိုသို့ ကမ်းလှမ်းလာမှုအတွက် ကိုရီးယားသမ္မတနိုင်ငံ အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**အကြံပြုဆွေးနွေးကြ**

(၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို ညနေ ၄ နာရီတွင် ကျင်းပရာ အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ အာဆီယံ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးနှင့် အာဆီယံ - အိန္ဒိယစီးပွားရေးဝန်ကြီးများ အစည်းအဝေးများမှ ထွက်ပေါ်လာသော လယ်ယာကဏ္ဍဆိုင်ရာအချက်များနှင့် အာဆီယံ-အိန္ဒိယ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေတို့ကို အခြေခံ၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အစည်းအဝေးတက်ရောက်လာကြသော ဝန်ကြီးများက အကြံပြုဆွေးနွေးကြသည်။

ယင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရေရှည်တည်တံ့ပြီး သဘာဝနှင့် လိုက်လျောညီထွေရှိရုံသာမက ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သာ စိုက်ပျိုးရေး ဖြစ်ထွန်းလာစေရေးနှင့် မြေဆီလွှာ ရေရှည်တည်တံ့စေရေးအတွက် စီမံခန့်ခွဲရေး လုပ်ငန်းများကို အဆင့်မြင့်အရာရှိကြီးများနှင့် လုပ်ငန်းအဖွဲ့အနေဖြင့် ပိုမိုအားထုတ်ကြိုးပမ်းရန် တိုက်တွန်းလိုပါကြောင်း၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွင် အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုထိရောက်ပြီး အကျိုးရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်ကို အတည်ပြုခဲ့ကြကာ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို သစ်တောဦးစီးဌာန၏ စီမံအုပ်ချုပ်မှု နယ်မြေအောက်တွင်ရှိသည့် Geosite ၁၅ ခုဖြင့် ကနဦးတည်ထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီ(၂/၂၀၂၂) အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိသစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ (၁) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံက ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် ဖွဲ့စည်းတည်ထောင်မည့် ပုပ္ပားတောင် အမျိုးသား ဘူမိဥယျာဉ် ဖြစ်မြောက်ရေးနှင့် သစ်တောနယ်မြေပြင်ပတွင် ကျရောက်နေသည့် အဆိုပြု Geosites များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အမျိုးသားအဆင့်အပြင် ကမ္ဘာ့အဆင့်



ဘူမိဥယျာဉ်အတွက်ပါရည်မှန်းပြီး ဘူမိဥယျာဉ် ဖြစ်မြောက်ရေး ဆက်လက် ဆောင်ရွက်ရမည့် အစီအမံများကို ဆွေးနွေးဆုံးဖြတ်ကြရန်ဖြစ်ကြောင်း။

ကမ္ဘာ့ဘူမိဥယျာဉ် အစီအစဉ်သည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးကို ဟန်ချက်ညီညီဆောင်ရွက်နေသည့် အစီအစဉ်တစ်ခုဖြစ်ပြီး ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရန် အလားအလာကောင်းများ ပိုင်ဆိုင်သည့် ပုပ္ပားတောင်ဒေသတွင် ထူးခြားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပုဂံခေတ် ရှေးဟောင်းသံချက်ဖိုများ၊ ထူးခြားသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် အစွယ်နှစ်ထပ်ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးများရှိပါကြောင်း။

ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို သစ်တောဦးစီးဌာန၏ စီမံအုပ်ချုပ်မှု နယ်မြေအောက်တွင်ရှိသည့် Geosite ၁၅ ခုဖြင့် ကနဦး တည်ထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နောင်တွင် သစ်တောဦးစီးဌာန၏ စီမံအုပ်ချုပ်မှု နယ်မြေပြင်ပတွင်ရှိသည့် Geosite များကိုလည်း ဘူမိဥယျာဉ်၏ Geosites များအဖြစ် ဖော်ထုတ်ပြီး ထပ်တိုးဖွဲ့စည်းသွားမည်ဖြစ်ပါ၍ စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အမျိုးသားဆင့် ဘူမိဥယျာဉ် တည်ထောင်ခြင်းနှင့် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ် သတ်မှတ်ခံရရေး အောင်မြင်စွာ အကောင်အထည် ဖော်နိုင်မည်ဖြစ်ပါ၍ ပုပ္ပားတောင်အမျိုးသား ဘူမိဥယျာဉ်သတ်မှတ်တည်ထောင်နိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များချမှတ်နိုင်ရန်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အမျိုးသားဘူမိဥယျာဉ် ဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အွန်လိုင်းစနစ်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မန္တလေး/ မုံရွာ/ မြစ်ကြီးနား/ တောင်ကြီး/ ဘားအံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ UNESCO အမျိုးသားကော်မရှင်မှ အတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း Geopark ကော်မတီမှ ဥက္ကဋ္ဌ၊ UNESCO မြန်မာနိုင်ငံရုံးမှ ကိုယ်စားလှယ်တို့ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အဆိပ်မှိုင်းနှင့် အဆိပ်သင့်ဆဲ၊ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်ဆဲ

မိုးမြင့်

**အကြမ်းဖက်ဆိုတာက အကြမ်းဖက်ပါပဲ။ သူ့ဇနဲ့သူပါ။ မပြောင်းလဲပါဘူး။ သတ်မယ်၊ ဖြတ်မယ်၊ ဖျက်ဆီးမယ်ပေါ့။ အကြမ်းဖက်သမားတွေရဲ့ မပြောင်းလဲတဲ့ မူဝါဒကိုယ်တိုင်က တတ်နိုင်သမျှ များများ သတ်ဖို့ပါပဲ၊ များများ ပျက်စီးသွားစေဖို့ပါပဲ။ ယခုရက်ပိုင်းအတွင်း ပြည်တွင်းမှာ လူတွေအစုလိုက်၊ အပြုံလိုက် သေကျေဒဏ်ရာရဖို့ရည်ရွယ်ပြီး အကြမ်းဖက်သတ်ဖြတ်ဗုံးခွဲ ချောင်းမြောင်းပစ်ခတ်မှုတွေ၊ မြို့ရွာတွေကို ဝင်ရောက်စီးနင်း ပစ်ခတ်တိုက်ခိုက်တာတွေ ခပ်စိပ်စိပ်တွေ့လာနေရပါတယ်။ ပြည်သူတွေအဓိကထိခိုက်နိုင်တဲ့ နေရာတွေကိုမှ ရွေးချယ်ပစ်မှတ်ထားပြီး လုပ်ကြံဖောက်ခွဲမှုတွေလည်း များလာတာ တွေ့နေရပါတယ်။**

## ပစ်မှတ်ဖြစ်လာနေတဲ့ ပြည်သူတွေ

အကြမ်းဖက်တွေရဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးကိုယ်တိုင်က လာတော့မယ့် ရွေးကောက်ပွဲကို မပျက်ပျက်အောင် ဖျက်ဆီးပစ်မယ်လို့ ကြုံးဝါးပြီးသားပါ။ ဒါကြောင့် အခုလို အကြမ်းဖက်ဖောက်ခွဲပစ်ခတ်မှုတွေဟာ ရွေးကောက်ပွဲအကြို လူစုလူဝေးတွေ ဖြစ်မလာအောင်နဲ့ ရွေးကောက်ပွဲကြီး ဖြစ်မလာစေဖို့ ကြိုတင်ထိန်းချုပ်ဟန့်တား ခြောက်လှန့်တဲ့ သဘောဆောင်ပါတယ်။

နီနီ၊ စိမ်းစိမ်း သူ့ဘက်ကိုယ့်ဘက်မရွေး၊ မခွဲခြား ပြည်သူမှန်သမျှ အကုန်သတ်၊ ပြည်သူပိုင်၊ နိုင်ငံပိုင် ဥစ္စာပစ္စည်းမှန်သမျှ အကုန်ဖျက်ဆီးပစ်ကြမယ့် သဘောပါပဲ။ အကြောက်တရားသက်သက်နဲ့ ရွေးကောက်ပွဲကြီး မဖြစ်ပေါ်ဖို့က အကြမ်းဖက်သမားတွေအတွက် သေရေးရှင်ရေးတမျှ အခုအချိန်မှာ အရေးကြီးနေပါပြီ။ ဘာကြောင့်လဲဆိုရင် ရွေးကောက်ပွဲပြီးလို့ ပြည်သူလိုလားတဲ့ အစိုးရတစ်ရပ်ပေါ်ထွန်းလာတာနဲ့ အခုအကြမ်းဖက်နေတဲ့ လူသတ်သမားတွေ၊ အကြမ်းဖက်ခေါင်းဆောင်တွေအားလုံး မြောင်းထဲရောက် ဘဝဆုံးမှာ သေချာနေလို့ပါပဲ။ ဒါကြောင့် ဒီအချိန်မှာ စစ်ဘက်၊ အရပ်ဘက် လုံခြုံရေးပစ်မှတ်တွေထက် အပြစ်မဲ့ပြည်သူတွေအတွက် ပိုပြီးအကြမ်းဖက်ဒဏ်သင့်ဖို့ ရန်ပိုပိုများလာနေပါတယ်။ ပြည်သူတွေ ထိတ်လန့်ကြောက်ရွံ့ပြီး လူစုလူဝေးထဲ မလာရဲအောင် ကြိုတင်စီမံတဲ့ အစီအစဉ်တွေထဲက တစ်စိတ်တစ်ပိုင်းအဖြစ် တွေ့မြင်ကြရပါလိမ့်မယ်။

## ကမ္ဘာမှာ စက်ဆုပ်ဖွယ်ရာအကောင်းဆုံးသော တော်လှန်ရေး

ဘာသာရေးသာသနိက အဆောက်အအုံတွေ၊ ကျောင်းတွေကို မီးရှို့ဖျက်ဆီးရုံတင်မက အများပိုင်လမ်းတွေမှာ ဂိတ်ဖွင့်၊ ဆက်ကြေးကောက်၊ ခားပြတိုက်၊ ပြည်သူတွေ အသွားအလာများတဲ့ နေရာတွေမှာ ဗုံးထောင်၊ မိဘပါမချန် စိတ်ထင်ရာ ဒလန်စွပ်စွဲပြီး သတ်ကြဖြတ်ကြနဲ့ သူတို့တော်လှန်ရေးက ဘာတော်လှန်ရေးပါလိမ့်...။ ကမ္ဘာပေါ်မှာ အော့နှလုံးနာစရာအကောင်းဆုံး တော်လှန်ရေးတစ်ခုအဖြစ်ပဲ အမှတ်ထင် ကျန်ရစ်ပါလိမ့်မယ်။

ပြောတော့ အာဏာရှင်ကို တော်လှန်တာဆိုပဲ၊ စစ်အစိုးရကို ဆန့်ကျင်တာတဲ့၊ ပြည်သူ့အစိုးရပေါ်ထွက်လာဖို့၊ ဒီမိုကရေစီကို မြတ်နိုးလို့ စတာတွေနဲ့ တော်လှန်ရေးလုပ်လာလိုက်ကြတာ မြင်လို့ကြားလို့မှ မကောင်း၊ ဘုန်းကြီးသံဃာလည်း ရွေးပြီးသတ်၊ ကျေးဇူးရှင် ကျောင်းဆရာ ဆရာမလည်းသတ်၊ ကလေးသူငယ် လူမမည်မချန် ကျောင်းသားလည်းသတ်၊ ဆင်းရဲချမ်းသာမရွေး ကွမ်းယာသည်မကျန် အကုန်သတ်ဖြတ်နေလေတော့ သူတို့တွေက အာဏာရှင်လား။

အာဏာရှင်နဲ့ဘာမှမဆိုင် သတ်နေဖြတ်နေကြလေတော့ မမှန်ကန်တဲ့ မူလရည်ရွယ်ချက်နဲ့အတူ အခုအချိန်မှာတော့ အလွဲကြီးလွဲနေတဲ့ အနေအထားတစ်ရပ်ဆီသာ ရေးရှုလာနေပါပြီ။ နေရာမရွေး၊ အချိန်မရွေး ဘုရားကျောင်းကန် စေတီပုထိုးတွေကိုလည်း ရက်စက်ယုတ်မာစွာ ပစ်ခတ်ဖျက်ဆီးကြတယ်။ မိုင်းဆွဲတိုက်ခိုက်ကြတယ်။ ဗုဒ္ဓဘာသာဝင်တို့ အမွန်အမြတ် တန်ဖိုးထားတဲ့ ဘာသာရေးပွဲတော်ကာလ အကြမ်းဖက်တွေပစ်ခတ်လို့ ဘုရားဖူး ဗုဒ္ဓဘာသာဝင်တွေ အသက်ဆုံးရှုံးကြရတယ်။ (လတ်တလော ကျိုက်ထီးရိုးဘုရားဖူးများ အကြမ်းဖက်ပစ်ခတ်ခံရမှုဖြစ်စဉ်) ယနေ့အချိန်အခါမှာတော့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အစဉ်အလာတန်ဖိုးတွေကို ဖျက်ဆီးနေသူတွေရဲ့ အကြမ်းဖက်တော်လှန်ရေးကြီးကို ပြည်သူအားလုံးနီးပါးက စိတ်ပျက်ငြီးငွေ့ရွံမုန်းလာကြ၊ ရှုတ်ချလာကြပြီလည်း ဖြစ်ပါတယ်။

## မြို့ရွာပျက်စီးရေး အကြံဆိုးများနဲ့အတူ

အကြမ်းဖက်တွေကြောင့် မူလပုံမှန်ငြိမ်သက်တည်ငြိမ်နေတဲ့ဒေသတွေမှာ မအေးချမ်းနိုင်ဘဲ မတည်မငြိမ် ဖြစ်လာနေပါတယ်။ မဟာဗျူဟာလမ်းမကြီးတွေ မြို့တွေအထိ အကြမ်းဖက်အန္တရာယ်က ခြိမ်းခြောက်လာနေပါတယ်။ အကြမ်းဖက်စစ်ရှိန်မြင့်တဲ့သဘောနဲ့အတူ နိုင်ငံရေး စစ်ရေးနဲ့ဘာမှမသက်ဆိုင်တဲ့ ဘာသာရေးပစ်မှတ်တွေ၊ ပြည်သူတွေ သွားလာလှုပ်ရှားနေထိုင်တဲ့နေရာတွေမှာ ပြည်သူကိုသာ အဓိကရွေးချယ် ပစ်မှတ်ထားပြီး ပစ်ခတ်တိုက်ခိုက်လာခြင်းဟာ အဓိကက ပြည်သူတွေကို အကြောက်တရားနဲ့ ကျီးလန့်စာစား ဖြစ်အောင် ရည်ရွယ်ခြင်းပါပဲ။

လတ်တလောဖြစ်ခဲ့တဲ့ ကော့ကရိတ်ဖြစ်စဉ်ကိုပဲ ကြည့်ပါ။ KNU / KNLA ၊ KKO ခွဲထွက်နဲ့ PDF အကြမ်းဖက်တွေဟာ မြို့ပတ်ပတ်လည်က တပ်စခန်းတွေကို အဓိက ဦးတည်တိုက်ခိုက်တာ မဟုတ်ဘဲ အရပ်သားပြည်သူတွေရှိတဲ့ မြို့ထဲနဲ့ ရွာတွေကိုစီးနင်း၊ လူနေအိမ်ခြေ၊ ဘာသာရေး အဆောက်အအုံတွေမှာ အခြေပြု၊ ပြည်သူကို ခားစာခံ လူသားဒိုင်းကာပြီး တိုက်ကွက်ဖော်၊ အရပ်သားတွေသေကျေထိခိုက်ရင် စစ်ရာဇဝတ်မြောက်တယ် အော်ကြဦးမယ်၊ တပ်မတော်က ပြန်တိုက်ခိုက်လို့ ဆုတ်ခွာထွက်ပြေးရင် ဆုတ်လမ်းတစ်လျှောက်ကရွာတွေကို မီးရှို့မယ်၊ လမ်းတံတားတွေ မိုင်းခွဲဖျက်ဆီးခဲ့မယ်၊ ပြီးရင် နိုင်ငံတကာဆီက အလှူငွေချူမယ်၊ ဒါက သူတို့အကြမ်းဖက်တွေရဲ့ လုပ်နေကျ အလေ့အထတွေပါပဲ။

ကရင်လူမျိုးတွေအများဆုံးရှိတဲ့ မြို့ရွာတွေကို ကရင်အကြမ်းဖက်က တိုက်ခိုက်တော့ ရလဒ်က ဘာဖြစ်မလဲ၊ ပြည်သူတွေ ထိခိုက်သေဆုံးရတယ်၊ အရပ်သားတွေရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်ယူပေးနေရတဲ့ ဝန်ထမ်းတွေပဲ သေကျေဒဏ်ရာရကြတယ်။ နေရပ်စွန့်ခွာ ထွက်ပြေးရတဲ့ ကရင်ဒုက္ခသည်အရေအတွက် တိုးလာတယ်၊ ယာယီစစ်ဘေးရှောင်အရေအတွက် များသထက်များလာတာဟာ ရွေးကောက်ပွဲမှာ မဲပေးနိုင်တဲ့ အရေအတွက်အထိ သက်ရောက်နိုင်မယ့် အခြေအနေကို အကြမ်းဖက်သူပုန်တွေ မှန်းဆထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကရင်ပြည်နယ်မှာ KNU က ဆောက်လုပ်၊ ဖောက်လုပ်ထားတဲ့ အဆောက်အအုံ၊ လမ်းတံတားမြင်ဖူးချင်လို့ တစ်ခုတလေမှ မရှိပေမယ့် ကရင်ပြည်နယ်နဲ့ ကရင်လူမျိုးတွေအတွက် နိုင်ငံတော်အစိုးရအဆက်ဆက်က ဆောက်လုပ်ပေးထားတဲ့ အခြေခံအဆောက်အအုံမှန်သရွေ့တော့ နေ့စဉ်ဖျက်ဆီးနေကြတာပါပဲ။

## ဆင်ခြင်သုံးသပ်မှု လုံးဝမရှိတဲ့ အကြမ်းဖက်

အဓိက ရည်မှန်းချက်က ကိုယ့်ဒေသ ကိုယ့်နယ်မြေနဲ့ နိုင်ငံမတည်မငြိမ်ဖြစ်ပြီး အလုံးစုံ ပျက်စီးရေးနဲ့ ရွေးကောက်ပွဲလမ်းစဉ်ကို ဖျက်ဆီးရေးဆိုတာပါပဲ။ ရွေးကောက်ပွဲမဖြစ်အောင် အကြံအစည်နဲ့လုပ်ပေမယ့် လုပ်နည်းလုပ်ဟန်တွေက ဦးနှောက်မပါဘူး၊ ရူးရူးနှမ်းနှမ်းအဆင့်နဲ့ ကိုယ်လုပ်လိုက်တဲ့ အလုပ်တစ်ခုဟာ အပြစ်မဲ့ပြည်သူကို ထိခိုက်သလား၊ လုံခြုံရေးအဖွဲ့တွေကိုပဲ ထိခိုက်သလား၊ ကိုယ့်ဘက်တော်သား ဒါမှမဟုတ် ကိုယ့်လိုတော်လှန်သူတွေရဲ့ မိဘဆွေမျိုးတွေကို မတော်တဆထိခိုက်နိုင်သလား စသည်ဖြင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းအား မရှိလောက်အောင်ပါပဲ။ သေချာပါတယ်။

ဒီလိုစဉ်းစားဉာဏ်မရှိ၊ မလုပ်သင့်၊ မလုပ်အပ်ရာကို လုပ်တာဟာ တစ်ခုခုနှိုးဆော်မှုမရှိဘဲ၊ မသုံးဘဲနဲ့တော့ မဖြစ်နိုင်ပါဘူး။ မသုံးရမနေနိုင်တဲ့ အဆင့်ရောက်နေတဲ့ မူးယစ်စိတ်ကြွဆေးဝါးတွေကြောင့် သော်လည်းကောင်း၊ စရန်သပ်ပြီးသား ငွေကြေးကြောင့်သော်လည်းကောင်း၊ နောက်ထပ်အကြမ်းဖက်အားပေး အလှူရှင်တွေဆီက ငွေချူစား၊ တောင်းစားကောင်းရုံအတွက် သော်လည်းကောင်း တစ်ခုခုပါပဲ။ တကယ်တော့ အကြမ်းဖက်တွေရဲ့ လုပ်ရပ်နဲ့ အပြောကအားလုံးကို လိမ်နေတာချည်းပဲလို့သာ ယူဆရမှာဖြစ်တယ်။

ဒီလို လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင် မရှိတဲ့ အပြစ်မဲ့ပြည်သူတွေကို ကြက်ကလေး၊ ငှက်ကလေးလို သတ်နေကြလို့ သူတို့အကြမ်းဖက်တွေရဲ့ဆန္ဒ ပြည့်ဝသွားကြပြီလား မသိရပေမယ့်

**“အဓိကရည်မှန်းချက်က ကိုယ့်ဒေသ ကိုယ့်နယ်မြေနဲ့ နိုင်ငံမတည်မငြိမ်ဖြစ်ပြီး အလုံးစုံပျက်စီးရေးနဲ့ ရွေးကောက်ပွဲလမ်းစဉ်ကို ဖျက်ဆီးရေးဆိုတာပါပဲ။ ရွေးကောက်ပွဲမဖြစ်အောင် အကြံအစည်နဲ့လုပ်ပေမယ့် လုပ်နည်းလုပ်ဟန်တွေက ဦးနှောက်မပါဘူး၊ ရူးရူးနှမ်းနှမ်းအဆင့်နဲ့ ကိုယ်လုပ်လိုက်တဲ့အလုပ်တစ်ခုဟာ အပြစ်မဲ့ပြည်သူကို ထိခိုက်သလား၊ လုံခြုံရေးအဖွဲ့တွေကိုပဲ ထိခိုက်သလား၊ ကိုယ့်ဘက်တော်သား ဒါမှမဟုတ် ကိုယ့်လိုတော်လှန်သူတွေရဲ့ မိဘဆွေမျိုးတွေကို မတော်တဆထိခိုက်နိုင်သလား စသည်ဖြင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းအား မရှိလောက်အောင်ပါပဲ”**

မြန်မာနိုင်ငံရဲ့ အကြမ်းဖက်ဖြစ်စဉ်တွေမှာ အကြမ်းဖက်တွေလက်ချက်နဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးတွေ သေကျေကြရသလို အကြမ်းဖက်သမားတွေ ကိုယ်တိုင် သို့မဟုတ် သူတို့ရဲ့ အမေတွေ၊ အဖေတွေ၊ ကိုယ့်လို ကိုယ့်ရဲ့ဘက်တော်သား တော်လှန်ရေးသမားဆိုသူတွေရဲ့မိဘတွေကို သတ်မိပြီး ကိုယ့်ကြောင့် သေကြ၊ ကျေကြတာ မြင်ရကြားရလေတော့ အကြမ်းဖက်သမားတွေရဲ့ ဆန္ဒတွေ တကယ်ပြည့်ဝသွားပြီလား မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်၊ သူတို့ကိုယ်တိုင်ထုတ်ရမယ့် မေးခွန်းပါ။ (အင်းစိန်ထောင်ဝအကြမ်းဖက် ပါဆယ်ထုပ်ဖြင့် ဖောက်ခွဲမှုဖြစ်စဉ်)

## တာဝန်ယူ၊ တာဝန်ခံမှုမရှိတဲ့ အကြမ်းဖက်များ

အကြမ်းဖက်ဖြစ်စဉ်တွေရဲ့ ရည်ရွယ်ချက်ဟာ အုပ်ချုပ်ရေးယန္တရား မတည်ငြိမ်ပျက်ပြားဖို့နဲ့ လူငယ်တွေရဲ့ အနာဂတ်နဲ့ နိုင်ငံအနာဂတ်ပျက်စီးစေဖို့၊ နိုင်ငံရေးနဲ့ လုံးဝမသက်ဆိုင်တဲ့ ကျောင်းသားကျောင်းသူတွေရဲ့ ပညာရေးကို အကြမ်းဖက်ဖျက်ဆီးဖို့အပြင် တစ်ခုသတိထားမိတဲ့အချက်က အခုနောက်ပိုင်း အကြမ်းဖက်ဖြစ်စဉ်တွေဟာ အမျိုးဘာသာ၊ သာသနာကို တိုက်ရိုက်တိုက်ခိုက် ထိပါးစော်ကားတဲ့ ဘုရား၊ တရား၊ သံဃာ၊ ဘာသာတရားကို ရှင်းလင်းသုတ်သင်မယ့် အကြမ်းဖက်မှုတွေလို့ ယူဆစရာအကြောင်းတွေကိုလည်း တွေ့လာနေရပါတယ်။

တစ်ခုတော့ ရှိပါတယ်။ မြန်မာနိုင်ငံက အကြမ်းဖက်မှုတွေမှာ ထူးခြားချက်တချို့က တစ်ဖွဲ့ရဲ့ အကြမ်းဖက်မှုကို အခြားအကြမ်းဖက်အဖွဲ့အစည်းတွေ ကိုယ်တိုင်က တစ်ခါတစ်ရံ ရှုတ်ချပြလေ့ရှိခြင်းပါပဲ။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ထိခိုက်ရင်တော့ အကြွားတစ်လုံးနဲ့ အားရဝမ်းသာ ဖေါင်းကြွလေ့ရှိပြီး ပြည်သူတွေ သို့မဟုတ် သူတို့ဘက်တော်သားတွေထဲက ထိခိုက်သွားရင်တော့ ဖြစ်ပြီးခါမှ တို့လုပ်တာ မဟုတ်ဘူးဆိုပြီး ပျာပျာသလဲ ပြစ်တင်ရှုတ်ချရတာနဲ့၊ အကြမ်းဖက်လုပ်ငန်းအတွက် ထောက်ပံ့မှုတွေ ရပ်တန့်ရတာနဲ့၊ သူတို့ အချင်းချင်းဖုံးရဖိရ၊ ဖာရထေးရတာနဲ့၊ ရှေ့ကဖုံး နောက်ကပေါ် ရှုပ်ယှက်ကို ခတ်နေတာပါပဲ။ NUG က အစိုးရလို့သာ အမည်ခံတယ်၊ ဘယ်သူက ဘယ်သူ့ကို တာဝန်ယူ တာဝန်ခံမှန်းမသိ၊ ရိုးသားမှုမရှိ၊ တာဝန်ယူ တာဝန်ခံမှုမရှိတဲ့ သဘောကို မြန်မာပြည်က အကြမ်းဖက်ဖြစ်စဉ်တွေမှာ မမြင်ချင်မှအဆုံး ကြားသိနေရတာဟာ တကယ်ကို စိတ်မချမ်းသာစရာပါ။

## အကုသိုလ်အကျိုးပေး မလွဲမသွေ ကြုံကြရလိမ့်မည်

ဘာပဲပြောပြော အကြမ်းဖက်ဖြစ်စဉ်အားလုံးရဲ့ တရားခံဟာ နိုင်ငံရေးအမြတ်ထုတ်လိုတဲ့ နိုင်ငံရေး အစွန်းရောက်တွေကြောင့်ပဲဆိုတာ သိသာထင်ရှားလာပါပြီ။ သူတို့ ရည်မှန်းချက်အတွက် ဘူမသိ၊ ကိုးမသိ အကြမ်းဖက် အရိုင်းအစိုင်းတွေ ဖြစ်မှန်းမသိ ဖြစ်နေကြတဲ့ ယနေ့လူငယ်တွေအတွက်လည်း ဝမ်းနည်းနှမြောစရာ ကောင်းလှပါတယ်။

ဒီလို ယုတ်မာသူတွေကြောင့် ယနေ့တိုင်းရင်းသားပြည်သူတွေရဲ့ လူ့အခွင့်အရေးတွေဟာ ပိုပြီး ဆုတ်ယုတ်သွားနေရတယ်။

စာမျက်နှာ ၇ သို့ ❒

# National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးမြို့၌ ပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) က တာဝန်ယူကျင်းပမည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းတစ်ခုဖြစ်သည့် National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းအောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လက်မှုအနုပညာအချို့သည် ကွယ်ပျောက်လုနီးပါး အခြေအနေနှင့် ရင်ဆိုင်လာရသောကြောင့် ပန်းချီ၊ ပန်းပုအနုပညာလက်ရာများကို တိုးတက်လာသော ခေတ်နှင့်အညီ နည်းပညာများမြှင့်တင်ခြင်း၊ မျှဝေခြင်း၊ ဖော်ထုတ်ထိန်းသိမ်းခြင်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ဝင်ခြောက်နိုင်ငံမှ ပန်းချီ၊ ပန်းပုအနုပညာရှင်လူငယ်များ ပါဝင်သော National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)က တာဝန်ယူပြီး မန္တလေးမြို့တွင် Hybrid စနစ်ဖြင့် လက်ခံပြုလုပ်မည်ဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သည် မဲခေါင် – လန်ချန်း အထူးရန်ပုံငွေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် Lancang – Mekong Cultural Exchange Youth Camp စီမံကိန်းနှင့် ၂၀၂၂ ခုနှစ် မတ်လတွင် လန်ချန်း – မဲခေါင် ရုပ်သေးပွဲတော်များကို မန္တလေးမြို့၌ ကျင်းပခဲ့ပြီးဖြစ်ကာ National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းသည် တတိယမြောက် ကျင်းပမည့်စီမံကိန်းဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းအောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ဦးစီးကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြု၍ ဖြည့်ဆည်းပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက စီမံကိန်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် စီမံကိန်းကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုကို တင်ပြဆွေးနွေးပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်တွေ့အသုံးချရေး သင်တန်းဖွင့်လှစ်ပို့ချ

**နေပြည်တော် အောက်တိုဘာ ၂၆**

စီးပွားရေးသံမှူးများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ၏စီးပွားရေး အခြေအနေကိုသာမက ကမ္ဘာ့စီးပွားရေး အခြေအနေကိုပါ ခြုံငုံသိရှိထားရန် လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ပြောကြားသည်။



ယနေ့နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်တွေ့အသုံးချရေး သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး မိမိနိုင်ငံမှ အဓိက ပို့ကုန် အလားအလာရှိသော ဈေးကွက်များ၊ ပို့ကုန်အမည်သစ်များ တင်ပို့မှုဆိုင်ရာ အချက်အလက်များ၊ သွင်းကုန်ဆိုင်ရာ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထားပြီး မြန်မာ့ပို့ကုန်များအတွက် ဈေးကွက်ရှာဖွေချိတ်ဆက်ပေးရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အခွန်နှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျှော့မှုများကို မျက်ခြည်မပြတ် လေ့လာပြီး ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ချိတ်ဆက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ နိုင်ငံများတွင် တာဝန်ထမ်းဆောင်သည့်အခါ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာသွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပြည်ပနိုင်ငံ ၁၂ နိုင်ငံသို့ စေလွှတ်မည့် စီးပွားရေးသံမှူး၁၆ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၆**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

❐ စာမျက်နှာ ၆ မှ

ဒီမိုကရေစီလမ်းကြောင်းဟာလည်း ဝေးသထက်ဝေးလာနိုင်တယ်ဆိုတာ ပြည်သူစစ်စစ်တွေကတော့ သိသိကြီးနဲ့ စိုးရိမ်နေကြရပါပြီ။ ဒီကြားထဲမှာမှ တပ်မတော်အစိုးရရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအာမခံချက်ပေးနိုင်မယ့် တစ်ခုတည်းသော လမ်းပြမြေပုံသည်သာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေအတွက် အားကိုးယုံကြည်ဖွယ်ရာအဖြစ် မှတ်ယူရန်သာရှိပါတော့တယ်လို့ ဆိုချင်ပါတယ်။

အကြမ်းဖက်သမားတွေကို ပြောချင်တာ တစ်ခုရှိပါတယ်။ လူတိုင်းဟာ အသက်ဆုံးရှုံးရမှာ ကြောက်ကြတဲ့သူချည်းပါပဲ။ မိမိကို အပ်နဲ့ထိုးခံရရင်တောင် ခံနိုင်ကြတာ မဟုတ်ပါဘူး၊ ကိုယ့်အသက်ကိုယ် နှမြောကြသူချည်းပါပဲ။ လူတိုင်းကိုယ့်ကိုယ်ကိုယ် အသတ်ခံရမှာ ကြောက်ကြမှာပါ။ ကိုယ်ချင်းစာကြည့်ပါ၊ မိမိကို သူများသတ်တာ မကြိုက်ရင် ကိုယ်လည်း သူများအသက်ကို လွယ်လွယ်ကူကူ မသတ်ဖြတ်သင့်ကြပါဘူး။

အကုသိုလ်အလုပ်တွေ ထပ်ပြီးမလုပ်မိအောင် မေတ္တာတရားကြီးကြီးနဲ့ တရားသဘောလေး ပြောပြချင်ပေမယ့် အားလုံးက အဆိပ်မှိုင်းမိနေကြလေတော့ ဘယ်လိုပြောပြော ဒီအချိန်မှာတော့ လွတ်လမ်း၊ ကျွတ်လမ်းလည်း မှုန်ဝါးဝါးဖြစ်နေမှာပါပဲ။ မိုက်ရိုင်းမှုတွေကြားမှာ ဆုံးမစကားတွေဆိုလည်း ဘယ်လိုမှ ခံယူလွယ်တော့မှာ မဟုတ်ပါဘူး။ တံလျှပ်ကိုရေထင်ပြီး လက်နက်အားကိုးနဲ့ မကောင်းတာကို အကောင်းထင်လုပ်လာကြလေတော့ လူသတ်ရာမှာတောင် တစ်ဦးမက၊ နှစ်ဦး၊ သုံးဦးမက အစုအပြုံလိုက်သတ်ရရင်တောင် ဝန်မလေး၊ ပျော်မွေ့နှစ်သက်သူတွေ ဖြစ်လာကြပါတယ်။ ဒီအခြင်းအရာတွေအားလုံးဟာ အကြမ်းဖက်သမားတွေအတွက်တော့ နိဂုံးရဲ့အစ မလွဲမသွေဖြစ်ရပါလိမ့်မယ်။ အကုသိုလ်ကံတွေ အကျိုးပေးချိန်တန်ပြီဆိုရင်တော့ ကြုံရမယ့်အရာခပ်သိမ်းမှန်သမျှဟာ အဆိုးတွေချည်းပဲဖြစ်မှာ မလွဲပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ မြန်မာနိုင်ငံရဲ့သမိုင်းမှာတော့ ဘုရားသားတော်တွေကို သတ်ဖြတ်တဲ့ အကြမ်းဖက်ဖြစ်စဉ်တွေ၊ ပညာရေး ဆရာ ဆရာမတွေကိုသတ်တဲ့ အကြမ်းဖက်ဖြစ်စဉ်တွေ ကျွန်တော်တို့ခေတ်မှာ တကယ်ရှိခဲ့၊ ဖြစ်ခဲ့ကြောင်း နောင်လာမယ့် မျိုးဆက်တွေကတော့ နောင်တစ်ချိန်မှာ ယုံတမ်းသဖွယ် ပြောနေကြမှာ သေချာပါတယ်။ ကျွန်တော်တို့ လူမျိုးတွေဟာ ဘက်တစ်ဖက်က စည်းရုံးရေး နည်းလမ်းပေါင်းစုံနဲ့ အချိန်ယူဖြားယောင်းသွေးဆောင်လိုက်ရင် သိမ်းသွင်းခံရဖို့ များတဲ့အထဲမှာ ပါပါတယ်။

ကိုယ်မှားမှန်းသိတဲ့အချိန် တစ်ဖက်သားရဲ့ လှည့်ကွက်ထဲမှာ အမိခံနေရပါပြီ။ တစ်ဖက်က နားလှည့်ပါးရိုက်စိတ်နဲ့ အကြမ်းဖက်စေခိုင်းသူတွေရဲ့ ဆွဲဆောင်သိမ်းသွင်းမှုအောက်မှာ သတင်းမှားတွေနဲ့အတူ အမှားအမှန်ခွဲခြား သုံးသပ်ဆင်ခြင်နိုင်စွမ်းနည်းပါးပြီး နားဝေတိမ်တောင်ဖြစ်နေသူတွေအတွက်တော့ ဓမ္မနဲ့အဓမ္မအကြား ပြတ်သားဖို့ ခက်နေဦးမှာပါပဲ။ အလင်းပျောက်ပြီး အမှောင်ဖုံးနေသူတွေအတွက်လည်း သူများမျက်ရည်ကျမှ၊ သူများထမင်းအိုးကွဲမှ၊ စိတ်ဆင်းရဲမှ နေပျော်သေပျော်တဲ့ဘဝကို မစုံမက်ကြပါနဲ့တော့။ စဉ်းစဉ်းစားစားနဲ့ ရပ်တန်းကရပ်ကြရန်သာ အလေးထားတိုက်တွန်းလိုပါတယ်။

အကျပ်အတည်းကြားမှာတော့ အားလုံးက ရုန်းကန်ကြရမှာပါပဲ။ ပြည်သူတွေ ထိခိုက်မှုနည်းသထက်နည်းအောင် လုပ်နိုင်တာနဲ့အမျှ နိုင်ငံတော်အစိုးရနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအပေါ် ပြည်သူတွေရဲ့ ယုံကြည်အားကိုးမှုကလည်း တိုးသထက်တိုးလာမှာ အသေအချာပါပဲ။ ပြည်သူလူထုအနေနဲ့လည်း ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသတည်ငြိမ်ရေး၊ နိုင်ငံအေးချမ်းသာယာရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ အပြည့်အဝပူးပေါင်းပြီး ပြည်သူပါဝင်တဲ့ အကြမ်းဖက်တိုက်ဖျက်ရေးကို ပြတ်ပြတ်သားသား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်နေပါကြောင်းကိုသာ အလေးထားတင်ပြရေးသားလိုက်ရပါတယ်။ ။

# ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာရေးနှင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရေးအတွက် SMART Village စီမံကိန်း ကျေးရွာ ၄၄ ရွာ၌ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၆**

ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာရေးနှင့် ကျေးလက်စီးပွားရေးမြင့်မားလာစေရေးအတွက် SMART Village စီမံကိန်းကို ယခုနှစ်တွင် မြို့နယ် ၄၂ မြို့နယ်ရှိ ကျေးရွာ ၄၄ ရွာ၌ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

**ရွေးချယ်ဆောင်ရွက်**

အဆိုပါ ဝန်ကြီးဌာန၌ ယနေ့ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး အဆိုပါ စီမံကိန်းကဏ္ဍခြောက်ခုတွင် ပါဝင်သည့် အသင်းအဖွဲ့ခိုင်မာမှုနှင့် နည်းပညာဖြန့်ဖြူးမှု၊ သင်တန်းပေးမှုများသည် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ချိတ်ဆက်နေရမည်ဖြစ်ကြောင်း၊ ငွေကြေးဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံတို့ ဆောင်ရွက်ရာတွင်လည်း ကျေးလက်ကုန်ထုတ်စွမ်းအားမြင့်မားရေးကို အထောက်အပံ့ဖြစ်စေသည့် လုပ်ငန်းမျိုးကို ရွေးချယ်ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ ကျေးလက်ကုန်ထုတ်လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကျေးလက်ပြည်သူများ မိသားစုဝင်ငွေတိုးပွားစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေခြင်းမှတစ်ဆင့် ဒေသထွက်ကုန်အပေါ်အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)၊ Cash for Work စီမံကိန်းများသည် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အဓိကအရေးပါသည့် လုပ်ငန်းများဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း၊ ကျေးလက်အသက်မွေးဝမ်းကျောင်း သင်တန်းများသည်လည်း ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေးနှင့် ကျေးလက်စီးပွားမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်သည့်အတွက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုးရေးကိစ္စရပ်များကို မိမိတို့ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး ဆောင်ရွက်နေကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မျိုးစေ့အပါအဝင် သွင်းအားစုများဝယ်ယူရန်၊ စိုက်ပျိုးရေးအသုံးစရိတ်များရရှိရန်အတွက် မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ပေးခြင်း၊ ဆိုလာရေတင်စနစ်ဆောင်ရွက်ခြင်း၊ ကုန်ထုတ်လမ်းတံတားများ ဖော်ဆောင်ခြင်းတို့ကို သတ်မှတ်စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများ ပြည့်မီစွာဆောင်ရွက်ကြရန် တာဝန်ရှိသူအဆင့်ဆင့်က အမြဲမပြတ်ကြီးကြပ်ကြရန်လိုကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအပါအဝင် ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်မွေးမြူနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးတို့ကို ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် Contract Farming စီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့အား ကျေးရွာများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် ရန်ပုံငွေသုံးစွဲမှု၊ M&E စနစ်ဖြင့် စောင့်ကြည့်စစ်ဆေးမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

**ပေးအပ်ချီးမြှင့်**

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်များကို အမြန်ဆုံးပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်ဦးစီးမှူးတို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စားရိပ်သာတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းခွင်ပျော်ရွှင်ရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကာ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၆**

မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ(သတ္တမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စေရန်နှင့် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က (ဆဋ္ဌမအကြိမ်) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မှော်ဘီ အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယနေ့နံနက် ၉ နာရီက မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စုရှိ လှပဒါးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဒေသကိုယ်စားပြု ဦးဝင်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။ နိုင်ငံရေးစစ်ကြောင်းမှ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်က နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒနှင့် ဒို့တာဝန်အရေးသုံးပါးကို မမေ့ရန်၊ လုံခြုံရေးအထူးဂရုစိုက်ရန်နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အုပ်ချုပ်ရေး စစ်ကြောင်းမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက လူမှုရေးဆိုင်ရာ အသိပညာပေးခြင်းများ၊ လူမှုရေးစစ်ကြောင်းမှ ဒေါက်တာ စောမြထွန်းက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး စစ်ကြောင်းမှ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ဂျူလိုင်က ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာသူကျေးရွာသားများ၏ သိရှိလိုသည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက ၎င်းတို့တင်ပြသည့် အချက်အလက်များကို ပံ့ပိုးကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# လာမည့်ပညာသင်နှစ်တွင် KG+12 ပညာရေးစနစ်၏ နောက်ဆုံးအတန်းဖြစ်သော Grade–12 ဖွင့်လှစ်သင်ကြားမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

လာမည့် ပညာသင်နှစ်တွင် KG+12 ပညာရေးစနစ်၏ နောက်ဆုံးအတန်းဖြစ်သော Grade–12 ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ စာသင်ခန်းလိုအပ်ချက်နှင့် အခြားလိုအပ်ချက်များကို တွက်ချက်၍ စာရင်းပြုစုတင်ပြပေးကြရမည်ဖြစ်ကြောင်း၊ ခရိုင် ၅၀ တွင် စက်မှု–စိုက်ပျိုး–မွေးမြူရေး အထက်တန်းကျောင်း ၅၀ ကို ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ ထိုကျောင်းများတွင် KG+12 ပညာရေးစနစ်ကို သင်ကြားမည်ဖြစ်သော်လည်း Grade–9 အောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု စသည်ဖြင့် မိမိတို့ဝါသနာပါရာကို အထူးပြု တက်ရောက်သင်ကြားနိုင်မည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပြောကြားသည်။



ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယအသုတ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပညာရေးကဏ္ဍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးခြင်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုသည်လည်း အလွန်အရေးကြီးကြောင်း၊ လုပ်ငန်းတိုင်းတွင် စနစ်ကျသောစီမံခန့်ခွဲမှု ကောင်းမွန်မှသာ ပညာရေးလုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် တာဝန်ယူရသော ဆရာကြီး ဆရာမကြီးများအနေဖြင့် ပညာရေးဥပဒေနှင့် မူဝါဒများကိုသိရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်အသိပညာ၊အတတ်ပညာ ကြွယ်ဝရေးသည် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ အခမဲ့ပညာသင်ယူနိုင်ရေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူးများက မိမိတို့တာဝန်ထမ်းဆောင်ရာဒေသ၏ သွားရေး၊ လာရေး၊ သင်ကြားသင်ယူရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ အတွေ့အကြုံများ၊ အားသာချက် အားနည်းချက်များ၊ ကြုံတွေ့ရသည့် အခက်အခဲ၊ ပြဿနာဖြေရှင်းမှု စသည်များကို ဆွေးနွေးညှိနှိုင်း၊ အသိပညာဖလှယ်၍ ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အချင်းချင်း အသိပညာ၊ အတတ်ပညာ အတွေးအမြင်များကို ဖလှယ်ခြင်းဖြင့် စွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ကြောင်း။

စီမံခန့်ခွဲမှု စွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ သင်တန်းပြီးဆုံး၍ မိမိတို့ မြို့နယ်ပြန်ရောက်သည့်အခါ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းအုပ်များနှင့် ထပ်ဆင့်အလုပ်ရုံဆွေးနွေးပွဲ မွမ်းမံသင်တန်းများကို ပြုလုပ်ကြရမည် ဖြစ်ကြောင်း၊ မိမိဝန်ထမ်းများကို ပြောဆိုဆက်ဆံရာတွင် နွေးနွေးထွေးထွေးနှင့် မိသားစုဆန်ဆန် ပြောဆို ဆက်ဆံကြစေလိုကြောင်း၊ မြို့နယ်ပညာရေးမှူးများနှင့် လက်ထောက်မြို့နယ် ပညာရေးမှူးများ၏ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် သင်ကြားပို့ချမှုဆိုင်ရာ ဦးဆောင်မှု၊ ထိရောက်အောင်မြင်သော ကျောင်းစီမံခန့်ခွဲမှု၊ မိမိတို့မြို့နယ်အတွင်းရှိကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဆက်ဆံရေး အဆင်ပြေတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အကြံပြုဆွေးနွေးမှု စွမ်းရည်များ ပိုမိုမြင့်မားလာကြပြီး အခြေခံပညာရေးကဏ္ဍ ပညာရေးပြုပြင်ပြောင်းလဲမှုများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ်ပညာရေးမှူး ၁၂၈ ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ၂၇ ဦးတို့ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ယနေ့မှ အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပထမနှစ် (ဒုတိယနှစ်ဝက်) နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
**ကြေညာချက်**

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ပထမနှစ် (ဒုတိယနှစ်ဝက်) နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအားလုံးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၀) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို (၂၇–၁၀–၂၀၂၂) ရက်မှ (၁၈–၁၁–၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) နေ့သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## မော်လမြိုင်ကျွန်း၌ ထက်၊ လယ်၊ မူကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်ပညာရေးမှူးရုံးကကျင်းပသည့် အခြေခံပညာကျောင်းအုပ် ဆရာကြီး ဆရာမကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ လပွတ္တာခရိုင်ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းတို့က အမှာစကား ပြောကြားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာ ၃၈၂ ကျောင်း၊ ဘုန်းတော်ကြီးသင် ၃၇ ကျောင်း စုစုပေါင်း ၄၁၉ ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၄၁၉ ဦး တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းနည်းပြများအဖြစ် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးဌေးဝင်း၊ လပွတ္တာမြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်နှင်းဆီ၊ မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်စန်းတို့က စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး၊ ပညာရေးနှင့်သက်ဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဝင်းထွန်း(ပြန်/ဆက်)

# လူကုန်ကူးခံရနိုင်သည့်အခြေအနေတွင်ရှိသည့် ထိခိုက်လွယ်ရွှေ့ပြောင်းအလုပ်သမားများကို စိစစ်ဖော်ထုတ်ကူညီပေးနိုင်ရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းက ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို လေးလတစ်ကြိမ် ပုံမှန်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄၁/၂၀၂၂) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၎င်းဥပဒေအရ မိမိတို့၏ လုပ်ငန်းအဖွဲ့ကို လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း ၂၀၂၂–၂၀၂၆ ရဲ့ (၂၀၂၂)ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များကို အထောက်အထား၊ အချက်အလက်၊ စာရင်းဇယား၊ မှတ်တမ်းဓာတ်ပုံများနှင့်တကွ ပေါ်လွင်အောင် ရေးသားဖော်ပြရန်၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေတွင်ရှိသည့် ထိခိုက်လွယ် ရွှေ့ပြောင်းအလုပ်သမားများကိုလည်း စိစစ်ဖော်ထုတ် ကူညီပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ၁/၂၀၂၂ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေး တက်ရောက်လာသူများက မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ဆွေးနွေးကြကာ အစည်းအဝေးဆုံးဖြတ်ချက် (၁၅)ချက် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းသာခြင်းက ဂုဏ်ရှိသည် . . .

**ချမ်းသာအောင်**

တရုတ်ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက် နိုင်ငံလုံးဆိုင်ရာကိုယ်စားလှယ်များ ညီလာခံတွင် ပါတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က ဗဟိုကော်မတီကိုယ်စားတင်ပြသည့် အစီရင်ခံစာ၌ "၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တရုတ်ကျေးလက်တောရွာ ဆင်းရဲနွမ်းပါးသည့် လူဦးရေ သန်း ၁၀၀ နီးပါးလျော့ကျသွားပြီး အသင့်အတင့်ကြွယ်ဝချမ်းသာသောလူမှုအဖွဲ့အစည်းအား အချိန်မီ ဘက်စုံတည်ဆောက်ပြီးစီးခဲ့သည်"ဟု ဖော်ပြပါရှိကြောင်း တရုတ် CRI သတင်းဌာနက ဖော်ပြခဲ့သည်။

ဇမ်ဘီယာနိုင်ငံ သမ္မတ Hakainde Hichilema က "တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံကို ဇမ်ဘီယာအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ လေ့လာသင်ယူအတုယူသင့်ကြောင်း" ပြောကြားခဲ့သလို လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Saleumxay Kommasith ကလည်း "လာအိုအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားအတွက် စံနမူနာပြလိုက်ကြောင်း" ဟုဆိုသည်။ နိုင်ဂျီးရီးယားနိုင်ငံ သမ္မတဟောင်း Obasanjo ကမူ "တရုတ်ပုံစံကို မိမိတို့ပုံတူကူးချ၍ မရသော်လည်း မိမိတို့သည် ထိုမှတစ်ဆင့် အတွေ့အကြုံရရှိနိုင်ကြောင်း" ပြောကြားခဲ့သည်။

**"ချမ်းသာတာ ဂုဏ်ရှိတယ်"**

ခေတ်သစ်တရုတ်နိုင်ငံကြီးကို စတင်ထုဆစ်ပေးခဲ့သူ တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ ၁၉၇၇ ခုနှစ်က ကျော်ကြားခဲ့သော ဒဿနကို ပြန်လည်အမှတ်ရစရာဖြစ်စေသည်။

ထိုမတိုင်ခင်ကာလတွင် တရုတ်နိုင်ငံသည် စီမံကိန်းစီးပွားရေးစနစ်ကို တောက်လျှောက်စွဲကိုင်သည့်အလျောက် မဟာယဉ်ကျေးမှုတော်လှန်ရေး အဆုံးသတ်သွားချိန်တွင် တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကလည်း ရပ်တန့်သွားခဲ့သည်။ တရုတ်ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလူဦးရေမှာလည်း ၁၉၇၀ ပြည့်နှစ်နှောင်းပိုင်းကာလတွင် သန်း ၂၅၀ ရှိလာသည်။ ထိုစဉ်က နိုင်ငံ့လူဦးရေ၏ လေးပုံ၊ တစ်ပုံဖြစ်လေသည်။

**တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး**

သို့ရာတွင် တရုတ်နိုင်ငံက ရှုံးနိမ့်ခြင်းသည် အောင်မြင်ခြင်း၏မိခင်၊ အမှားသည် အမှန်၏ ရှေ့တော်ပြေးအဖြစ်ခံယူခဲ့ပြီး အတိတ်ကအမှားများကို သမိုင်းအတွေ့အကြုံသင်ခန်းစာများအဖြစ် ရယူကာ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးကို ၁၉၇၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ကြသည်။

တိန့်ရှောင်ဖိန်က မဟာယဉ်ကျေးမှုတော်လှန်ရေးနှင့်ပတ်သက်၍ "ဆန့်ကျင်ဘက်က သင်ခန်းစာပေးခဲ့ပါသေးတယ်။ မဟာယဉ်ကျေးမှုတော်လှန်ရေးရဲ့သင်ခန်းစာမရှိခဲ့ရင် (၁၁) ကြိမ်မြောက် ဗဟိုကော်မတီ တတိယစုံညီအစည်းအဝေးအတွင်းမှာ အတွေးအခေါ်၊ နိုင်ငံရေး၊ စည်းရုံးရေးလမ်းစဉ်နဲ့ တသီတတန်းကြီးသော ပေါ်လစီတွေရေးဆွဲချမှတ်နိုင်မှာမဟုတ်ပါဘူး။ မဟာယဉ်ကျေးမှုတော်လှန်ရေးဟာ ကျွန်တော်တို့ရဲ့ဥစ္စာနေတွေ ဖြစ်လာခဲ့တယ်"ဟု ဆိုသည်။

> **"တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးကို ကျေးလက်မှအစပြုခဲ့သည်။ ကျေးလက်စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲရေးကို အစွမ်းကုန်တွန်းတင်ပေးခဲ့သည်။ လယ်ယာကဏ္ဍတွင် အိမ်ထောင်စုအလိုက် ကန်ထရိုက်ယူထုတ်လုပ်ရေးစနစ်ကို နိုင်ငံအနှံ့ အလျင်အမြန်တိုးတက်ထွန်းကားစေရန် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် လယ်သမားများ၏ တက်ကြွမှုကိုဖော်ထုတ်ပေးနိုင်ခဲ့"**

**ကျေးလက်မှအစပြုခဲ့**

တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးကို ကျေးလက်မှအစပြုခဲ့သည်။ ကျေးလက်စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲရေးကို အစွမ်းကုန်တွန်းတင်ပေးခဲ့သည်။ လယ်ယာကဏ္ဍတွင် အိမ်ထောင်စုအလိုက် ကန်ထရိုက်ယူထုတ်လုပ်ရေးစနစ်ကို နိုင်ငံအနှံ့ အလျင်အမြန်တိုးတက်ထွန်းကားစေရန် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် လယ်သမားများ၏ တက်ကြွမှုကိုဖော်ထုတ်ပေးနိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ရိက္ခာပြဿနာကို အခြေခံအားဖြင့် ပြေလည်မှုရရှိလာစေရန်အတွက်မူ လယ်ယာလုပ်ငန်းတွင် ထူးချွန်သည့်လူတော်လူကောင်းများကို ဂရုတစိုက်မွေးမြူခြင်း၊ လယ်ယာလုပ်ငန်းဆိုင်ရာ သိပ္ပံပညာရပ်စူးစမ်းလေ့လာရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းတို့ကို ကွင်းဆက်ကျကျဆက်စပ်အကောင်အထည်ဖော်ခဲ့သည်။

တရုတ်အစိုးရ၏ လယ်ယာလုပ်ငန်းဆိုင်ရာ သိပ္ပံပညာစူးစမ်းလေ့လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် ၂၀ ရာစု ၁၉၈၀-၁၉၉၀ ပြည့်နှစ်များတွင် တဖြည်းဖြည်းတိုးတက်လာခဲ့ပြီး ထိုနောက်ပိုင်းတွင် တစ်ရှိန်ထိုးတိုးတက်လာခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု တရုတ် ယွမ်ငွေ ၂ ဒသမ ၉ ဘီလီယံသာရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်အရောက်တွင် ၁၃ ဘီလီယံအထိ တိုးတက်လာသည်။ အကျိုးဆက်အားဖြင့် တစ်မျိုးနှင့်တစ်မျိုး ကူးစပ်ပေးထားသည့် ကပြားစပါးမျိုးစေ့စိုက်ပျိုးရေးနည်းပညာ ပေါ်ထွက်လာခဲ့ပြီး ကပြားမျိုးစပါးဖြင့် လူဦးရေသန်း ၆၀ အထိ ကျွေးမွေးလာနိုင်ခဲ့သည်။

လက်ရှိကာလတွင်လည်း တရုတ်နိုင်ငံသည် စားနပ်ရိက္ခာလုံခြုံရေးပြဿနာကို အာမခံနိုင်ရေးအတွက် အဓိကအားဖြင့်ပေါ်လစီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် သိပ္ပံနှင့်နည်းပညာကိုမှီခိုအားထား၍ မောင်းနှင်လျက်ရှိသည်။

ကျေးလက်ပြုပြင်ပြောင်းလဲရေး အောင်မြင်မှုရရှိပြီးနောက်တွင် မြို့ပြရှိ နိုင်ငံတော်ပိုင်လုပ်ငန်းများပြုပြင်ပြောင်းလဲရေးကို ဘက်စုံဆောင်ရွက်ခဲ့ပြန်သည်။ လုပ်ငန်းများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို တိုးချဲ့ရာတွင် ကန်ထရိုက်ယူတာဝန်ခံသည့်စနစ်အား ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးခြင်း၊ အလုပ်သမားခန့်အပ်မှုစနစ်ကို ပြုပြင်ပြောင်းလဲခြင်း၊ စက်ရုံမှူးတာဝန်ခံမှု ကျင့်သုံးသည့်အခြေခံပေါ်တွင် တဖြည်းဖြည်းချင်း အစုရှယ်ယာစနစ်ကို စတင်စမ်းသပ်လုပ်ဆောင်ခြင်း၊ ပစ္စည်းပိုင်ဆိုင်ခွင့် ပြောင်းလဲရေးကို စမ်းသပ်လုပ်ဆောင်ခြင်း စသည်ဖြင့်ပြုပြင်ပြောင်းလဲလုပ်ဆောင်ခဲ့သည်။

အကျိုးဆက်အားဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အသိပညာ စသည့်ကုန်ထုတ်လုပ်ရေးဆိုင်ရာ အရေးပါသော အကြောင်းအချက်များမှာ ပိုမိုလွတ်လပ်လာ၍ လုပ်ငန်းရှင်များ၏ တက်ကြွမှု၊ တီထွင်ဖန်တီးမှုတို့ဖြင့် ကုန်ထုတ်စွမ်းအားစုများ တိုးတက်လာခဲ့သည်။

**စီးပွားရေးအထူးဒေသထူထောင်မှုက မြစ်ဖျားခံခဲ့**

တရုတ်နိုင်ငံ၏ တံခါးဖွင့်လုပ်ဆောင်ချက်ကို ပြန်ပြောင်းလေ့လာကြည့်လျှင်မူ စီးပွားရေး အထူးဒေသထူထောင်မှုက မြစ်ဖျားခံခဲ့သည်ဟုဆိုရမည်။ ၁၉၇၄ ခုနှစ် ဧပြီလတွင် တရုတ်ကွန်မြူနစ်ပါတီ စန်းတုန်းပြည်နယ် ပြည်နယ်ကော်မတီက ဗဟိုကော်မတီသို့ ဟောင်ကောင်၊ မကာအိုတို့နှင့် နယ်နိမိတ်ချင်းစပ်နေသည့် စင်းကျင့်၊ ကျူးဟိုင်တို့တွင်ပြည်ပပို့ကုန်အချောကိုင်ဒေသထူထောင်ရေးကို တင်ပြခဲ့ကြသည်။

တိန့်က "ဗဟိုမှာတော့ ငွေမရှိဘူး။ ရဲဘော်တို့ဘာသာ ကိုယ်တိုင်သွားရောက်လုပ်ဆောင်ကြပါ။ ရှေ့ဆောင်လမ်းပြအဖြစ် လုပ်ပြကြပါ"ဟု ခွင့်ပြုကြောင်း ချက်ချင်းအဖြေပေးခဲ့လေသည်။ အထူးဒေသ၏ အသက်ရှင်သန်စွမ်းအားသည် အလွန်လျင်မြန်စွာတိုးတက်ပေါ်ထွက်လာသည်။ သုံး၊ လေးနှစ်အတွင်း ယခင်က တံငါရွာလေးသည် မိုးအထိ အဆောက်အအုံများစွာဖြင့် ခေတ်မီမြို့ပြတစ်ခု၏အသွင်အပြင်ဖြစ်လာခဲ့သည်။

၁၉၈၄ ခုနှစ်တွင် တိန့်ရှောင်ဖိန်သည် အထူးဒေသသို့ ကိုယ်တိုင်လာရောက် ကြည့်ရှုစစ်ဆေးပြီးနောက် "အထူးဒေသဟာ ပြတင်းပေါက်တစ်ခုဖြစ်တယ်။ အတတ်ပညာတွေရဲ့ပြတင်းပေါက်၊ စီမံအုပ်ချုပ်မှုရဲ့ပြတင်းပေါက်၊ အသိပညာတွေရဲ့ ပြတင်းပေါက်ဖြစ်သလို ပြည်ပပေါ်လစီရဲ့ ပြတင်းပေါက်လည်းဖြစ်တယ်"ဟု အသိအမှတ်ပြုပြောကြားခဲ့သည်။ ထို့နောက်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးအထူးဒေသများသည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၊ မြစ်ကမ်းတစ်လျှောက်မှ နယ်စပ်ဒေသနှင့် ကုန်းတွင်းပိုင်းဒေသများအထိ ကျယ်ပြောလာပြီး ပြည်ပတံခါးဖွင့်အခင်းအကျင်းမှာလည်း တစ်စတစ်စဖြစ်ထွန်းအောင်မြင်လာခဲ့သည်။

တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ ပညာရှင်များက ပြန်ပြောင်းသုံးသပ်ကြရာတွင် ကျေးလက်မိသားစုအလိုက် ကန်ထရိုက်ယူတာဝန်ခံရေးစနစ်သည် လယ်သမားထု ဝမ်းဝခါးလှရေးလောက်သာကနဦးရည်မှန်းချက်အဖြစ် ထားရှိခဲ့သော်လည်း တကယ်တမ်းအားဖြင့် လယ်သမားထု၏ တက်ကြွမှုကို လှုံ့နှိုးလိုက်ပြီး နှစ်ပေါင်းများစွာထိန်းချုပ်ခံထားရသည့် ကျေးလက်ကုန်ထုတ်စွမ်းအားစုကို အလျင်အမြန်လွတ်မြောက်စေခဲ့ကြောင်း၊ တရုတ်ပြည်သူတို့ကို နှစ်ပေါင်းများစွာ ဒုက္ခပေးခဲ့သည့် ဝမ်းမဝခါးမလှဖြစ်ခဲ့ရသည့်ပြဿနာကို အချိန်တိုအတွင်း အခြေခံအားဖြင့်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ လယ်ယာလုပ်ငန်းတွင်ဆက်တိုက် သီးထွက်ကောင်းခဲ့၍ ပျော်ရွှင်ချမ်းမြေ့မှုများကို ရရှိစေခဲ့ကြောင်းဆိုကြသည်။

မြို့နယ်စီးပွားရေး လုပ်ငန်းများမှာလည်း တရုတ်နိုင်ငံ စီးပွားရေးတစ်ဟုန်ထိုးတိုးတက်လာမှုအတွင်း ကွင်းဆက်ကျသည့်အခန်းကဏ္ဍတွင်ရှိခဲ့သည်ဟုယူဆခဲ့ကြသည်။

> ✧ **မြန်မာနိုင်ငံတွင်လည်း လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီထုတ်လုပ်ခြင်းနှင့် ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် ပံ့ပိုးကူညီအားပေးဆောင်ရွက်လျက်ရှိ**
>
> ✧ **MSME လုပ်ငန်းများသည် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် အရေးအပါဆုံးအခန်းကဏ္ဍတွင်ပါဝင်ပြီး နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေ၍ နိုင်ငံတော်က MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်**

ထို့အတူ စီးပွားရေးအထူးဇုန်များနှင့် အထူးဒေသများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စုစည်းဝင်ရောက်စေသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက ဒေသခံများကို အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရုံမက ခေတ်မီနည်းပညာနှင့်စီမံအုပ်ချုပ်မှုအတွေ့အကြုံများကို ရရှိစေခဲ့သည်ဟု သုံးသပ်ခဲ့ကြသည်။

**ကမ္ဘာ့ဒုတိယအင်အား အကြီးဆုံးနိုင်ငံအဖြစ် တက်လှမ်းလာနိုင်ခဲ့**

တရုတ်နိုင်ငံ၏ ဂျီဒီပီပျမ်းမျှတိုးတက်မှုနှုန်းမှာလည်း ၁၉၇၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း ၉ ဒသမ ၈ အထိရှိလာခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၃၀၀၀ အထိဖြစ်လာသည်။ ၂၀၁၀ ပြည့်နှစ်တွင်မူ တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျပန်ကို ကျော်ဖြတ်ကာ စီးပွားရေးအင်အားအရ ကမ္ဘာ့ဒုတိယအင်အားအကြီးဆုံးနိုင်ငံအဖြစ် တက်လှမ်းလာနိုင်ခဲ့သည်။

လက်ရှိကျင်းပဆဲ တရုတ်ကွန်မြူနစ်ပါတီ အကြိမ်(၂၀)မြောက် နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်များညီလာခံတွင် ဗဟိုကော်မတီကိုယ်စား ပါတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်တင်ပြသည့် အစီရင်ခံစာတွင်မူ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တရုတ်နိုင်ငံ၏ ဂျီဒီပီသည် နှစ်စဉ်ပျမ်းမျှ ၆ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာပြီး ကာလတူ ကမ္ဘာကြီး၏ ပျမ်းမျှတိုးတက်မှုနှုန်း ၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဖွံ့ဖြိုးဆဲစီးပွားရေးအုပ်စု၏ ပျမ်းမျှတိုးတက်မှုနှုန်း ၃ ဒသမ၇ ရာခိုင်နှုန်းထက်မြင့်ကာ ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် ပျမ်းမျှအကျိုးထမ်းဆောင်မှုနှုန်းသည် ၃၀ ရာခိုင်နှုန်းထက်ကျော်ပြီး ကမ္ဘာ့အဆင့်တစ်တွင် ရပ်တည်လျက်ရှိကြောင်းဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနည်းတူ ကိုရီးယားသမ္မတနိုင်ငံသည်လည်း လက်ရှိနိုင်ငံ့အဆင့်အတန်းဖြစ်တည်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပို့ကုန်ပထမမူဝါဒကို အလေးပေးဆောင်ရွက်ခဲ့ကြသည်။

စာမျက်နှာ ၁၁ သို့ ✻

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် အောက်တိုဘာ ၂၆

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသိပညာပေးစကားများပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ငွေများပေးအပ်၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## မောင်တောမြို့၌ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(ဆင့်ပွား)သင်တန်း ဖွင့်လှစ်

မောင်တော အောက်တိုဘာ ၂၆

ရခိုင်ပြည်နယ် မောင်တောမြို့၌ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (ဆင့်ပွား)သင်တန်း ဖွင့်လှစ်ပို့ချခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်ဆန်းက မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(ဆင့်ပွား)သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သတင်းတု၊ သတင်းမှားများကို ခွဲခြားစေနိုင်ရေး၊ မီဒီယာနှင့် သတင်းအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မောင်တောခရိုင်အတွင်းရှိ ခရိုင်/ မြို့နယ်ရုံးများမှ ဝန်ထမ်းများ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်ထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မွန်ပြည်နယ်၌ ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေး

မော်လမြိုင် အောက်တိုဘာ ၂၆

မွန်ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်များ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ၁၀ ခု၌ ၂၀၂၂ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေကြသော တောင်သူများအား အောက်တိုဘာ ၁၄ ရက်မှစတင်၍ ဒီဇင်ဘာလကုန်အထိ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကို နှမ်းစပါးဧက ၁၀၀၉၀ နှင့် အခြားသီးနှံ (ပဲမျိုးစုံအပါအဝင်) ၁၇၀၈၄ ဧကအတွက် စုစုပေါင်းငွေကျပ် ၃၂၂၁ ဒသမ ၉၀ သန်း ထုတ်ချေးရန်လျာထားပြီး စပါးသီးနှံ၊ နေကြာသီးနှံ တစ်ဧကငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် အခြားသီးနှံ တစ်ဧကငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ရွှေသာယာမြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ချောင်းသာ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့တွင် မြို့စည်ပင်သာယာရေးအဖွဲ့နှင့် ချောင်းသာနယ်မြေ မီးသတ်စခန်းတို့ပူးပေါင်း၍ ယမန်နေ့မွန်းလွဲ ၂ နာရီက ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် (ချောင်းသာမြို့)ရှိ ရွှေသာယာမြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများက ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ဈေးသူဈေးသားများ၊ ဈေးကော်မတီများအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လျှပ်စစ်မီးအသုံးပြုပစ္စည်းများကို စနစ်တကျအသုံးပြုရန်၊ ဟောင်းနွမ်းဆွေးမြည့်သည့် လျှပ်စစ်အသုံးပြုပစ္စည်းကို အသစ်လဲလှယ်တပ်ဆင်အသုံးပြုကြရန်၊ မီးသတ်ဆေးဘူးနှင့် မီးဘေးကာကွယ်ရေးသုံးပစ္စည်းများကို စနစ်တကျထားရှိသုံးစွဲကြရန် အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံများကို လက်တွေ့သရုပ်ပြသသည်။

ထို့နောက် ရွှေသာယာမြို့မဈေးကြီးရှေ့တွင် နယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက အရေးကြုံလာပါက အပျက်အစီးအဆုံးအရှုံးမရှိစေရေးအတွက် မီးငြိမ်းသတ်ပုံအဆင့်ဆင့်ကို ကြိုတင်ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်၊ ကံကြီးတပ်စခန်းမှူး ဗိုလ်ကြီးတင်မောင်ဝင်း၊ မြို့စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်လှမိုးနှင့် ဌာနဆိုင်ရာများ၊ ဈေးကော်မတီအဖွဲ့များ၊ ဈေးသူဈေးသားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)

✳ စာမျက်နှာ ၁၀ မှ

### ငါးနှစ် စီမံကိန်းနှစ်ကြိမ်ဆောင်ရွက်ခဲ့

ကိုရီးယားတို့က သူတို့နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကိုရီးယားဘာသာစကားဖြင့် ဆေမြူအန်တုန်(Saemaul Undong)ဟု ခေါ်ဆိုကြသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ငါးနှစ်စီမံကိန်းနှစ်ကြိမ်ဆောင်ရွက်ခဲ့ကြရာ ထိုစီမံကိန်းက ကိုရီးယားနိုင်ငံ၏ဖွံ့ဖြိုးရေးအတွက် အခြေခံအခင်းအကျင်းများရရှိစေခဲ့သည်ဟုဆိုသည်။

စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်ခေါင်းဆောင်များကိုခန့်အပ်ကာ ကျေးလက်နေပြည်သူတို့နှင့်အတူ သွားရောက်နေထိုင်စေပြီး ပူးပေါင်းဆောင်ရွက်စေခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေးသာမက ကျေးလက်နေပြည်သူတို့၏ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အလေးထားဆောင်ရွက်ခဲ့ကြသည်။ ကျေးလက်ပြည်သူများ အသိဉာဏ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ကျေးလက်ဒေသရှိ ကျောင်းဆရာ ဆရာမတို့၏အကူအညီအပြင် လူမှုဝန်ထမ်းအဖွဲ့များနှင့်ပါ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသည် ကိုရီးယားသမ္မတနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားတစ်ရပ်ဖြစ်ခဲ့လေသည်။ ကျေးလက်နှင့်မြို့ပြအကြား ကွာဟမှုအလွန်နည်းပါးသောနိုင်ငံအဖြစ်သို့ တက်လှမ်းစေခဲ့သည်။

ကိုရီးယားတို့သည် နိုင်ငံစီးပွားရေးတိုးတက်ရန် စတင်လုပ်ဆောင်စဉ်က ငွေကြေးခနေတောင့်တင်းမှုမရှိသောကြောင့် ပို့ကုန်ပထမမူဝါဒကို ကျင့်သုံးခဲ့ရပြန်ပါသည်။ ၁၉၆၂ ခုနှစ်က ကိုရီးယားသမ္မတနိုင်ငံ၏ အဓိကပို့ကုန်ပစ္စည်းများမှာ ရော်ဘာဖိနပ်၊ ဆေးဆိုးပန်းရိုက်အထည်များ၊ ကလေးကစားစရာပစ္စည်းများနှင့် သတ္တုပစ္စည်းအချို့သာဖြစ်သည်။ နိုင်ငံတွင် သယံဇာတ မည်မည်ရရမရှိ၍ ပို့ကုန်အမည်အရေအတွက်မှာလည်း မများလှပေ။

၁၉၈၀ ပြည့်နှစ်တွင်မူ စက်မှုဆိုင်ရာ ပုံဖော်မှုအပိုင်းကိုဦးစားပေး၍ အသေးစားနှင့် အလတ်စား (SMEs) လုပ်ငန်းများကို စွန့်စားလုပ်ဆောင်လာခဲ့ကြရာမှ ခေတ်မီထွန်းသစ်စ စက်မှုနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ၁၉၉၀ ပြည့်နှစ်ခန့်တွင် ဈေးကွက်ဖွင့်၍ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာခဲ့ရာမှ အာရှကျားတစ်ကောင်ဟု တင်စားခံရလောက်အောင် စီးပွားရေးမှာ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

### ပံ့ပိုးကူညီအားပေးဆောင်ရွက်

မြန်မာနိုင်ငံတွင်လည်း လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီထုတ်လုပ်ခြင်းနှင့် ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် ပံ့ပိုးကူညီအားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယခုအောက်တိုဘာလအတွင်း ရန်ကုန်၊ ပြည်၊ မော်လမြိုင်မြို့များသို့ သွားရောက်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားခဲ့သည်။

MSME လုပ်ငန်းများသည် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် အရေးအပါဆုံးအခန်းကဏ္ဍတွင် ပါဝင်ပြီး နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေ၍ နိုင်ငံတော်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်။

တကယ်တော့ လက်တွေ့ဝါဒီ တိန့်ရှောင်ဖိန်၏ ဒဿနကဲ့သို့ လူတစ်ဦးချင်းအတွက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်အတွက်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ ချမ်းသာကြွယ်ဝခြင်းက ဂုဏ်ရှိပါသည်။ အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ရသည့် အမိမြန်မာနိုင်ငံတော်ကြီး၏ ချမ်းသာကြွယ်ဝရေးကို မမေ့မလျော့သတိချပ်စေချင်ပါသည်။

ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)သို့ လျှောက်လှမ်းရာတွင် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ ဦးထမ်းပွဲထမ်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

■

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းအစို တင်ပို့မှုမြင့်တက်

ရန်ကုန် အောက်တိုဘာ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ချင်းအစိုဝယ်လိုအား မြင့်တက်လျက်ရှိသဖြင့် စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းအစို တင်ပို့မှုမှာလည်း မြင့်တက်လျက်ရှိသည်။ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ ခြောက်လ (ဧပြီလမှ စက်တင်ဘာလ) အထိ ချင်းအစိုတင်ပို့မှုမှာ တန်ချိန် ၂၈၀၀၀ ခန့် (တန်ဖိုးဒေါ်လာ ၂၇၈၆၄) ရှိပြီး ယခင်ဘဏ္ဍာနှစ် ၂၀၂၁-၂၀၂၂ (မီနီဘတ်ဂျက်) ခြောက်လစာနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၀၀၀ ကျော်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ချင်းဈေးကွက်ကို လေ့လာမည်ဆိုပါက ချင်းအစိုတင်သွင်းမှုသည် ၂၀၁၄ ခုနှစ်မှစတင်၍ ယခု ၂၀၂၂ ခုနှစ်အတွင်း တဖြည်းဖြည်း မြင့်တက်လာသည်ကို တွေ့ရှိနေရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စိုက်ပျိုးရေးဌာန၏ ကိန်းဂဏန်းများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ချင်းကို နှစ်စဉ် တန်ချိန် ၂ ဒသမ ၃၅ သိန်းခန့်လိုအပ်ပြီး နိုင်ငံထုတ်လုပ်မှုမှာ နှစ်စဉ်တန်ချိန် ၈၀၀၀၀ ခန့်သာရှိသဖြင့် ဈေးကွက်လိုအပ်ချက်၏ သုံးပုံတစ်ပုံခန့်သာ ပြည်တွင်းထုတ်လုပ်မှုက ဖြည့်ဆည်းပေးနိုင်ကြောင်း ကျန်သုံးပုံနှစ်ပုံကို အိန္ဒိယ၊ တရုတ်နှင့် မြန်မာနိုင်ငံမှ တင်သွင်းလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချင်းတင်သွင်းမှု ဈေးကွက်ဝေစုအရ မြန်မာနိုင်ငံသည် တတိယနေရာတွင် ရှစ်နှစ်ဆက်တိုက် (၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ) ရှိနေသည်။ အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင် ဈေးကွက်ဝေစုမှာ များစွာနည်းနေကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တို့တွင် ဒေါ်လာ ခြောက်သန်းကျော် အထိ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဒေါ်လာ ငါးသန်းကျော်အထိ တင်ပို့နိုင်ခဲ့သည်။ ကျန်နှစ်များတွင် ဒေါ်လာ သုံးသန်း၊ နှစ်သန်းကျော်နှင့် ဒေါ်လာ တစ်သန်းခန့်အထိသာ တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေများပြားသည်နှင့်အမျှ ချင်းလိုအပ်မှုမှာလည်း လျော့နည်းလာမှုမရှိဘဲ တိုးမြင့်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ချင်းဈေးကွက်ဝေစုကို ပိုမိုရရှိလာအောင် တင်ပို့နိုင်မည့် အလားအလာကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ချင်းတင်သွင်းမှုပမာဏမှာ မြင့်မားလာလျက်ရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည်-

အမေရိကန်ဒေါ်လာ(သန်း)

| စဉ် | ခုနှစ် | တင်သွင်းမှုပမာဏ |
|---|---|---|
| ၁ | ၂၀၁၄ | ၄၉.၆၅ |
| ၂ | ၂၀၁၅ | ၆၆.၂၀ |
| ၃ | ၂၀၁၆ | ၃၉.၀၇ |
| ၄ | ၂၀၁၇ | ၇၀.၇၁ |
| ၅ | ၂၀၁၈ | ၈၁.၃၃ |
| ၆ | ၂၀၁၉ | ၁၀၆.၉၅ |
| ၇ | ၂၀၂၀ | ၁၂၇.၈၇ |
| ၈ | ၂၀၂၁ | ၁၅၈.၇၅ |

Source Fridge.com

**ဘင်္ဂလားဒေ့နိုင်ငံသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ချင်းအစိုတင်သွင်းသည့် အဓိက ငါးနိုင်ငံ၏တင်သွင်းမှု ဈေးကွက်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

အမေရိကန်ဒေါ်လာ(သန်း)

| စဉ် | နိုင်ငံ | တင်သွင်းမှု (%) | တင်သွင်းမှုပမာဏ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
| ၁ | အိန္ဒိယ | ၆၈.၂၈ | ၉.၄၀ | ၁၃.၃၇ | ၂.၄၈ | ၃.၆၃ | ၂.၆၄ | ၁၂.၂၀ | ၄၄.၄၁ | ၁၃.၁၈ |
| ၂ | တရုတ် | ၃၀.၁၆ | ၇.၁၈ | ၃၀.၂၇ | ၂၄.၃၂ | ၂၂.၈၇ | ၂၉.၁၇ | ၅၀.၁၉ | ၃၆.၀၃ | ၁၉.၃၄ |
| ၃ | မြန်မာ | ၁.၃၈ | ၆.၀၀ | ၃.၀၀ | - | ၀.၅၀ | ၆.၇၈ | ၅.၃၄ | ၂.၃၆ | ၁.၀၀ |
| ၄ | အာရပ်စော်ဘွားများနိုင်ငံ | ၀.၁၉ | ၀.၁၉ | - | ၃.၀၀ | - | - | - | - | ၀.၁၀ |
| ၅ | သီရိလင်္ကာ | | - | - | - | ၀.၀၁ | - | - | - | ၁.၀၀ |

Source Fridge.com/ tbsnews.net

# စွန့်ဦးတီထွင်လုပ်ငန်းရှင် အမျိုးသမီးများအား ဖိတ်ခေါ်ခြင်း

ရန်ကုန် အောက်တိုဘာ ၂၆

ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization – WIPO) ကဦးဆောင်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက် ည ၇ နာရီခွဲမှ ၉ နာရီ ၁၅ မိနစ်အထိ မူပိုင်ခွင့်နှင့် အမျိုးသမီးလုပ်ငန်းရှင်များ (Intellectual Property and Women Entrepreneurs) အတွက် အွန်လိုင်းဆွေးနွေးပွဲ (Webiner) တစ်ရပ် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မူပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ခေါင်းဆောင်များနှင့် WIPO ၏ အဖွဲ့ဝင်လုပ်ဖော်ကိုင်ဖက်များက မူပိုင်ခွင့်များအား အသုံးပြုပုံ၊ မိမိ၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့၏ စိတ်ကူးအတွေးအခေါ်များအား ဈေးကွက်သို့ ဆောင်ကြဉ်းနိုင်ပုံနှင့် လုပ်ငန်းနယ်ပယ်တစ်လျှောက် စိန်ခေါ်မှုများကို မည်သို့ကျော်လွှားနိုင်မည် စသည်တို့ကို ဝေမျှဆွေးနွေးမည်ဖြစ်သည်။

စွန့်ဦးတီထွင်လုပ်ငန်းရှင် အမျိုးသမီးများအနေဖြင့် မိမိတို့၏ လုပ်ငန်းများအတွက် မူပိုင်ခွင့်၏ အရေးပါပုံနှင့် အကျိုးကျေးဇူးများ၊ အမျိုးသမီးသရုပ်ဆောင်များကို ထောက်ပံ့ခြင်း၊ အတွေ့အကြုံများနှင့် စိန်ခေါ်မှုများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) များအတွက် မူပိုင်ခွင့်ဖြင့် လုပ်ငန်းတိုးချဲ့ခြင်း၊ ကုန်အမှတ်တံဆိပ်၊ စက်မှုဒီဇိုင်း၊ ဒေသဆိုင်ရာအညွှန်းနှင့် တီထွင်မှုများကို မက်ဒရစ် (Madrid)၊ ဟိတ်သ်(Hauge)၊ လစ်စဘွန်း (Lisbon) စသည့်စနစ်များနှင့် တီထွင်မှု မူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် (Patent Cooperation Treaty– PCT) တို့ ဖြင့် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးခြင်း၊ မူပိုင်ခွင့်နှင့် နည်းပညာဆိုင်ရာ အငြင်းပွားမှုများကို ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့၏ စေ့စပ်ညှိနှိုင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့ဖြင့် ဖြေရှင်းပေးခြင်း အစရှိသည့် ခေါင်းစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးမည်ဖြစ်ရာ http://ow.ly/log 250LgzP3 တွင် အွန်လိုင်းမှစာရင်းပေးသွင်းခြင်း (Online Registration) ပြုလုပ်ပြီး အခမဲ့တက်ရောက်နိုင်ကြောင်းနှင့် အဆိုပါသတင်းအား ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့၏ ဖေ့စ်ဘွတ်စာမျက်နှာတွင်လည်း ဖော်ပြထားကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းတနော်မြို့နယ်၌ သင်ဖြူးဖျာများ ဈေးကွက်ရနေ

ပန်းတနော် အောက်တိုဘာ ၂၆

ပန်းတနော်မြို့နယ်၏ သင်ဖြူးဖျာများ ထုတ်လုပ်ရောင်းချမှုမှာ မြို့နယ်တွင်သာမက မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း မြို့နယ်များအထိ ဈေးကွက်ရရှိနေပြီး သင်ဖြူးဖျာထုတ်လုပ်ရောင်းချရန်အတွက် သင်မများဝယ်ယူခြင်း၊ သင်စိတ်ခြင်း၊ သင်ဖြူးဖျာရက်လုပ်ခြင်း၊ သင်ဖြူးဖျာချုပ်ခြင်းများ ဆောင်ရွက်ရသည်။

ဈေးကွက်အတွင်း ရောင်းချခြင်းနှင့် ပတ်သက်၍ သင်မခြောက်တောင် တစ်မလျှင် ၂၈၀၀၀ နှင့် ဝယ်ယူပြီး သင်ဖြူးဖျာရက်ခ၊ သင်ဖြူးဖျာ ချုပ်ခနှင့် အခြားလုပ်အားခအပါအဝင် စုစုပေါင်းကုန်ကျငွေကျပ် ၃၅၅၀၀ ကုန်ကျကာ ခြောက်တောင်သင်ဖြူးဖျာချော နှစ်ချပ်ထွက်ရှိကာ တစ်ချပ်လျှင် ၂၇၀၀၀ ဖြင့် ရောင်းရ၍ အကျိုးအမြတ် ၁၈၅၀၀ ရရှိကြောင်း၊ သင်မ ငါးတောင်ထွာ တစ်မ လျှင် စုစုပေါင်းကုန်ကျစရိတ် ကျပ် ၃၀၅၀၀ ကုန်ကျပြီး အကျိုးအမြတ် ၁၅၅၀၀ ရရှိကြောင်း၊ အခြားသင်မ လေးတောင်ထွာ၊ လေးတောင်၊ သုံးတောင်ထွာ၊ သုံးတောင် သင်ဖြူးဖျာများလည်း ထုတ်လုပ်ရောင်းချ၍ ဈေးကွက်ရရှိနေသည့်အပြင် နေထိုင်ဖျာများ၊ တရားထိုင်ဖျာများနှင့် အခြားတီထွင်ဆန်းသစ်ထားသော သင်ဖြူးပိုက်ဆံအိတ်၊ သင်ဖြူးဦးထုပ်များလည်း ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ်မြန်မာ(လားရှိုး) – တရုတ် (လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား အွန်လိုင်းမှ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဦးဆောင်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် တတိယအကြိမ် မြန်မာ (လားရှိုး) – တရုတ် (လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီတွင် အွန်လိုင်းမှ Myanmar Online Expo Park ပလက်ဖောင်းအသုံးပြု၍ ကျင်းပမည်ဖြစ်သည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှထွက်ရှိသည့် ဒေသထွက်ကုန်များ၊ စားသောက်ကုန်များ၊ ပရိဘောဂပစ္စည်းများနှင့် ရိုးရာအထည်များကို မြန်မာနိုင်ငံမှကုမ္ပဏီ ၃၃ ခုနှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီ ၁၀ ခု ပေါင်း ၄၃ က အွန်လိုင်းမှ ပါဝင်ပြသကြမည်ဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် http://www.myanmarexpopark.com သို့ ဝင်ရောက်၍ Visitor/Buyer Registration တွင် မှတ်ပုံတင်ဆောင်ရွက်ပြီး လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ပတ်အတွင်း မတ်ပဲဈေးနှုန်းနှင့် သုံးသပ်ချက်

**ရန်ကုန် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီးတွင် မတ်ပဲဈေးနှုန်းများမှာ အတက်အကျအနည်းငယ်ဖြင့် ပုံမှန်ဈေးတန်းတစ်ခုတွင်သာ ရှိနေကြောင်း သိရသည်။ ယခုသီတင်းပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ အောက်တိုဘာ ၁၆ ရက်တွင် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၆၁၅၀၀၊ ၁၇ ရက်တွင် ငွေကျပ် ၆၁၂၀၀၊ ၁၈ ရက်တွင် ငွေကျပ် ၆၁၃၀၀၊ ၂၀ ရက်တွင် ငွေကျပ် ၅၉၅၀၀၊ ၂၁ ရက်တွင် ငွေကျပ် ၅၉၉၀၀၊ ၂၂ ရက်တွင် ငွေကျပ် ၆၀၅၀၀ အသီးသီးဖြစ်ခဲ့သည်။

မတ်ပဲဈေးနှုန်းသည် ပြည်တွင်းငွေကြေး တန်ဖိုးအတက်အကျပေါ်တွင် မူတည်နေပြီး အောက်တိုဘာ ၂၄ ရက်တွင် ပြည်တွင်းငွေကြေးတန်ဖိုး အနည်းငယ်ထပ်မံ ကျဆင်းလာသောကြောင့် မတ်ပဲ ဈေးနှုန်းတက်လာရမည်ဖြစ်သော်လည်း ဒီပါဝလီပွဲတော်ပိတ်ရက် ဖြစ်သောကြောင့် အရောင်းအဝယ်ရပ်ထားကြောင်း သိရသည်။

စက်တင်ဘာလ နှင့် အောက်တိုဘာလ အတွင်း အိန္ဒိယသို့ မတ်ပဲတင်ပို့ရောင်းချမှု လျော့နည်းလျက်ရှိကာ မတ်ပဲ SQ နှင့် FAQ များ တစ်ကွမ်တယ်လျှင် Rs 50– 100 ခန့်ဈေးတက်လာသည်။ အရည်အသွေးကောင်း မတ်ပဲကုန်လက်ကျန်နည်းလာပြီး မြန်မာမတ်ပဲဝယ်လိုအား များလာနိုင်သဖြင့် အိန္ဒိယပြည်တွင်း ဈေးတက်လာနိုင်ကြောင်း ခန့်မှန်းကြသော်လည်း မိုးစိုက်မတ်ပဲများ ဈေးကွက်အတွင်း ဝင်ရောက်နေမှုကြောင့် ထင်သလောက်ဈေးတက်မလာနိုင်သေးကြောင်း သုံးသပ်ရသည်။

**သတင်းစဉ်**

■

# ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်၊ အနည်းဆုံး ၃၆ ဦး ဒဏ်ရာရရှိ

**မနီလာ အောက်တိုဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ အောက်တိုဘာ ၂၅ ရက်နှောင်းပိုင်းတွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် အနည်းဆုံး ၃၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆောက်အအုံအများအပြား ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်က အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါ မြေငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများသည် လူဇုန်ကျွန်းပေါ်ရှိ အီလိုကို့စ်နော်တီပြည်နယ်နှင့် အေဘရာပြည်နယ်တို့မှဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်၏ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး အယ်လ်မာ ဆယ်လ်ဖေးဒိုးက ပြောကြားသည်။

ယင်းမြေငလျင်ကြောင့် သေဆုံးသူတစ်ဦးမျှမရှိကြောင်း၊ သို့ရာတွင် လူနေအိမ်အများအပြား၊ ရာစုနှစ်နှင့်ချီသက်တမ်းရှိသည့် ဘုရားကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများ ပျက်စီးမှုရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါမြေငလျင်သည် အောက်တိုဘာ ၂၅ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၅၉ မိနစ်တွင် လူဇုန်ကျွန်းပေါ်ရှိ အေဘရာပြည်နယ် တီနက်မြို့ အနောက်မြောက်ဘက် ခုနစ်ကီလိုမီတာအကွာ၊ အနက် ၂၈ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံဌာနက ကနဦးထုတ်ပြန်သည့် ထုတ်ပြန်ချက်များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**






## ရုရှားနိုင်ငံမှ အမ်အက်စ်-၂၁ ကုန်တင်အာကာသယာဉ် လွှတ်တင်

**ဗလာဒီဗိုစတော့စ် အောက်တိုဘာ ၂၆**

ရုရှားနိုင်ငံမှ ဆိုယုဇ်-၂.၁ အေ ဒုံးပျံသည် ကာဇက်စတန်ရှိ ဘိုင်ကိုနာအာကာသယာဉ် လွှတ်တင်ရေးစခန်းမှနေ၍ အမ်အက်စ်-၂၁ ကုန်တင်အာကာသယာဉ်ကို ဂြိုဟ်ပတ်လမ်းသို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့နိုင်ကြောင်း ရုရှား၏ အာကာသကော်ပိုရေးရှင်း ရော့စ်ကော့စ်မော့စ်က အောက်တိုဘာ ၂၅ ရက်တွင် ကြေညာခဲ့သည်။

၎င်းအမ်အက်စ်-၂၁ ကုန်တင်အာကာသယာဉ်သည် အောက်တိုဘာ ၂၈ ရက်တွင် အာကာသထဲရှိ ရုရှားနိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိချိတ်ဆက်နိုင်မည်ဟု သိရသည်။

အဆိုပါ အာကာသယာဉ်သည် အာကာသထဲရှိ ရုရှားနိုင်ငံတကာအာကာသစခန်းတွင်သုံးစွဲနိုင်မည့် လောင်စာဆီ၊ နိုက်ထရိုဂျင်၊ ရေနှင့်အစားအသောက်များကို သယ်ဆောင်သွားမည်ဖြစ်သည်။

၎င်းအမ်အက်စ်အမျိုးအစား ကုန်တင်အာကာသယာဉ်များကို အာကာသအတွင်းရှိ ဂြိုဟ်ပတ်လမ်းကြောင်းများပြုပြင်နိုင်ရန် စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၇ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၇ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၈၈၃ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

### ၁၁၂၁ ဦး ထပ်မံတွေ့ရှိ

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၁၂၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၉၇၉၄၁ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၁၃၂၅ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၁၈ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၄၂၉၅ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်း ကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



## WhatsApp အက်ပလီကေးရှင်း လုပ်ငန်းများ ပြန်လည်ဆောင်ရွက်

**နယူးဒေလီ အောက်တိုဘာ ၂၆**

အိန္ဒိယနိုင်ငံ၌ သုံးစွဲမှုများပြားသည့် ဆိုရှယ်မီဒီယာ အက်ပလီကေးရှင်းဖြစ်သော WhatsApp သည် အောက်တိုဘာ ၂၅ ရက်က လုပ်ငန်းများ ခေတ္တရပ်ဆိုင်းသွားခဲ့ပြီးနောက် အိန္ဒိယစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် လုပ်ငန်းများ ပြန်လည်လည်ပတ်ခဲ့ကြောင်း သိရသည်။

### သတိပေးချက်ထွက်ပေါ်လာ

၎င်းအက်ပလီကေးရှင်း၏ လုပ်ငန်းများ ရပ်ဆိုင်းသွားချိန်တွင် ၎င်းအက်ပလီကေးရှင်း၌ ဆာဗာသို့ ချိတ်ဆက်နိုင်ရန်ကြိုးစားနေသည်ဟူသည့် သတိပေးချက်ထွက်ပေါ်လာခဲ့ပြီး ၎င်းအက်ပလီကေးရှင်းသုံးစွဲသူများမှ စာတိုများပေးပို့ခြင်းနှင့် လက်ခံခြင်းလုပ်ငန်းကို ဆောင်ရွက်၍ မရကြောင်း အခြားလူမှုမီဒီယာများမှတစ်ဆင့် အကြောင်းကြားချက်များ ရှိခဲ့သည်။

၎င်းအက်ပလီကေးရှင်းသည် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် လုပ်ငန်းများရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဗြိတိန်၊ အီတလီနှင့် တောင်အာဖရိကနိုင်ငံများမှ WhatsApp အက်ပလီကေးရှင်းသုံးစွဲသူများထံမှလည်း လုပ်ငန်းများရပ်ဆိုင်းသွားခဲ့ကြောင်း အသိပေးချက်များရရှိခဲ့သည်ဟု သိရသည်။

**ကိုးကား-စကိုးအင်ဝက်ဘ်ဆိုက်(အိန္ဒိယ)၊ ဘာသာပြန်-စိုးသူရ**

## ဂျပန်နိုင်ငံ၌ ငါးနှစ်အောက်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံ၌ အသက်ခြောက်လမှ လေးနှစ်ကြား ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယမန်နေ့တွင် စတင်ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းရှိ ငါးနှစ်အောက်ကလေးများအတွက် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အတည်ပြုခဲ့သည်။

အောက်တိုဘာ ၂၅ ရက်တွင် တိုကျိုမြို့ရှိ ဆေးရုံတစ်ခု၌ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို စတင်ခဲ့သည်။ ကာကွယ်ဆေးထိုးသည့်နေရာကို တိုကျိုမြို့ရှိ Minato Ward နှင့် အခြားဆေးခန်းရှစ်ခုတို့တွင် ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကြောင့် ကလေးငယ်များ သေဆုံးမှုများရှိနေသည့်အတွက် ၎င်း၏ သမီးဖြစ်သူအား ကာကွယ်ဆေး အမြန်ဆုံး ထိုးနှံပေးမည်ဖြစ်ကြောင်း မိခင်တစ်ဦးက ပြောကြားသည်။



ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းသည် ရောဂါကူးစက်မှုကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်း ဖြစ်သည့်အတွက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံမှု လာရောက်ခံယူရန် တာဝန်ရှိသူများက မိဘများအား တိုက်တွန်းပြောကြားသည်။

ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် အဖျားဝေဒနာ ခံစားရခြင်းကဲ့သို့သော ဖြစ်နိုင်ဖွယ်ရှိသည့် ရောဂါလက္ခဏာများနှင့် ပတ်သက်ပြီး ကျန်းမာရေးအာဏာပိုင်များက သတိပြုဆင်ခြင်ဖွယ် ရှင်းလင်းချက်များ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရအရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နေ မေယွန်းပန်သည် ၎င်းအသုံးပြုသည့် "May Yoon Pan" Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်နေ ရီတင်သည် ၎င်းအသုံးသည့် "Daw Yee Tin" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဝင်းထွန်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မိုးညှင်းမြို့နယ် ဘီလူးကျေးရွာအုပ်စု အောင်မြေကျေးရွာအနီးတွင် ဝင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၃ ကီလိုကိုလည်းကောင်း၊ အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက် နံနက် ၁၁ နာရီတွင် ဘားအံမြို့ အမှတ်(၉) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ တည်းခိုခန်းတွင် တည်းခိုနေသူ ဇေယျာလှိုင်၏အခန်းသို့ ဝင်ရောက်ရှာဖွေရာ အခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် နမ့်လစ်ကျေးရွာအုပ်စု လွိုင်စန့်ကျေးရွာလမ်းဆုံအနီးတွင် စိုင်းစံမြမောင်းနှင်ပြီး စိုင်းစွမ်ဝမ်းနှင့် အိုက်လူတို့ လိုက်ပါလာသည့် Mitsubishi Pajero Sport ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ် သထုံမြို့နယ်၌ ငွေကျပ် ၁၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇၀ ကီလို သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် ငွေကျပ် ၁၁ ဒသမ ၇၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၇၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် ညနေ ၄ နာရီခွဲတွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်- မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ်(၁၄၅/၆) အနီးတွင် ကျိုက်ထိုဘက်မှ မြဝတီဘက်သို့ သိန်းကို မောင်းနှင်ပြီး ရန်နိုင်ထွန်း လိုက်ပါလာသည့် Canter ခြောက်ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုး ငွေကျပ် ၁၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၇၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကရင်ပြည်နယ်သို့ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပြင်ဦးလွင်မြို့နယ် စိန်ပန်းကျေးရွာတွင် ပါကျဲ(ခ)စိုးလင်းထွန်းအား မြန်မာငွေကျပ် သိန်း ၈၀၊ IPSUM ယာဉ် တစ်စီးနှင့်လည်းကောင်း၊ မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာတွင် ကိုစိုင်း(ခ) စောဇာနည်မောင်နှင့် မျိုးအောင်(ခ)ဟော့ထင်ချန်တို့ကို GlOCK 9 MM ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ 9 MM ကျည် ၂၃ တောင့်၊ Crown ယာဉ် တစ်စီးနှင့်လည်းကောင်း၊ ဘားအံမြို့နယ် မဲဘောင်ကျေးရွာတွင် အားဝေ(ခ)လောက်ဆန်းနှင့် သက်ဦး(ခ)စောသက်ဦးတို့အား Crown ယာဉ် တစ်စီးနှင့် လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ခုနစ်ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

## နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ် ၂၁၆ ဒသမ ၄၁၉၈ တန် သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ် ၂၁၆ ဒသမ ၄၁၉၈ တန် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း ၁၆၅ ဒသမ ၅၂၅၂ တန်၊ သစ်မာ ၂၅ ဒသမ ၀၇၅၀ တန်၊ အခြား ၂၅ ဒသမ ၈၁၉၆ တန် စုစုပေါင်း ၂၁၆ ဒသမ ၄၁၉၈ တန်၊ ယာဉ်/ ယန္တရား**



**ခုနစ်စီး၊ တရားခံ သုံးဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

* **ကျောဖုံးမှ**

PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားသည်ကို တွေ့ရှိရပြီး တံတားအလယ်ပိုင်း ၄၂ ပေခန့် ပြိုကျပျက်စီးခဲ့သည်ကို တွေ့ရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာသူ/ကျေးရွာသားများအား သွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း၊ အဆိုပါ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်းနှင့် တံတားပျက်စီးမှုအား သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ဇလွန်မြို့မဈေးသစ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ဇလွန် အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသစ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသစ်အတွင်း ဇာတ်တိုက်လေ့ကျင့်ကြသည်။



သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရန်လင်းထွဋ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များပူးပေါင်း၍ ဈေးသူဈေးသားများအား မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသကြသည်။ ယင်းနောက် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍လည်းကောင်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းများဖြင့် မီးငြိမ်းသတ်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ ဇာတ်တိုက်လေ့ကျင့်ကြသည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းအောင်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၅ | ၂၀၄၅ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၀၅ | ၂၂၂၅ | ၂၇၇၀ |
| 95 Ron | ၂၀၁၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၀ | ၂၀၆၅ | ၂၀၄၅ | ၂၁၄၀ | ၂၁၅၅ | ၂၀၅၀ | ၂၀၇၀ | ၂၀၉၅ | ၂၀၉၅ | ၂၁၀၀ | ၂၃၁၅ | ၂၈၅၅ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၅ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၉၂၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၆၉၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၀၀ | ၂၇၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၅ | ၂၈၄၀ | ၂၈၃၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၈၀ | ၂၉၉၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၆၉၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၀၀ | ၂၇၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၅ | ၂၈၄၀ | ၂၈၃၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၈၀ | ၂၉၉၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၆ | ၁၈၉၆ |
| 95 Ron | ၁၉၁၅ | ၁၉၈၇ |
| HSD (500 ppm) | ၂၅၀၄ | ၂၅၈၃ |
| HSD (50 ppm) | ၂၅၇၅ | ၂၆၅၆ |
| HSD (10 ppm) | ၂၅၇၅ | ၂၆၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## “ဥမ္မာဒန္တီ”ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၆

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာရသ စွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် “နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ “ဥမ္မာဒန္တီ” ဇာတ်တော် (အပိုင်း-၂) ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှုနှင့်အတူ တင်မောင်ဆန်းမင်းဝင်း၊ ဘွန်း၊ ရေကြည်ချမ်းမြ၊ ထက်ကို၊ ဆန်းနေအောင်တို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၂၉ ရက် စနေနေ့ ည ၈ နာရီသတင်းအပြီး ည ၉ နာရီတွင် ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၂ ရက် ဗုဒ္ဓဟူးနေ့ ည ၉ နာရီခန့်တွင်လည်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




## “တူယှဉ်နွဲပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(င) ပွဲစဉ်(၉)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၆

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော်ဂီတပွဲတော်” Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် ၁၈ ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး အပတ်စဉ်သောကြာနေ့ ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံ တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ် တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏ အုပ်စု(င) ပွဲစဉ် (၉)ကို အောက်တိုဘာ ၂၈ ရက် သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ မျိုးဆက်နွယ်၊ ချင်းပြည်နယ်မှ သူဇာမြင့်မိုရ်၊ ကယားပြည်နယ်မှ ရတနာဝင်းမြ၊ ကချင်ပြည်နယ်မှ မေဇီ၊ မွန်ပြည်နယ်မှ ရွှေစင်ကြယ်၊ တနင်္သာရီတိုင်းဒေသကြီးမှ ခင်ပြည့်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည့်ဖြိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီနားနှင့် ရှမ်းပြည်နယ်မှ ဖြိုးပြည့်ပြည့်မောင် စုစုပေါင်းပြိုင်ပွဲဝင် ကိုးဦးတို့၏ ပြဋ္ဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ည ၈ နာရီ သတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၃၀ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ရပ်စောက်မြို့နယ် မြို့မဈေး သမဝါယမအသင်း လီမိတက်က စုဆောင်းငွေပေါ်အတိုးထုတ်ပေး

ရပ်စောက် အောက်တိုဘာ ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် မြို့မဈေး သမဝါယမအသင်းလီမိတက်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လတာအတွက် စုဆောင်းငွေပေါ်အတိုးထုတ်ပေးခြင်းကို မြို့မဈေး သမဝါယမအသင်းရုံးခန်းတွင် ကျင်းပရာ အသင်းသား ၅၄၉ ဦးသို့ စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၆၃ သိန်းကျော်အား လက်ဝယ်အရောက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် အောက်တိုဘာ ၂၆

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၉)ကို အောက်တိုဘာ ၂၈ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးရန်အောင်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှမိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို အောက်တိုဘာ ၂၈၊ ၂၉ နှင့် ၃၀ ရက်တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဟောင်ကောင်အခြေစိုက် CNN International သတင်းဌာနမှ မေးမြန်းမှုများ ဗိုလ်ချုပ်ဇော်မင်းထွန်း ပြန်လည်ဖြေကြား

*ဗိုလ်ချုပ်ဇော်မင်းထွန်းရှင့်*

*ကျွန်မကတော့ ဟောင်ကောင်အခြေစိုက် CNN International သတင်းဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ စန္ဒီစီဒူဖြစ်ပါတယ်။*

*မြန်မာ့တပ်မတော်က အောက်တိုဘာ ၂၄ ရက်တုန်းက ကချင်ပြည်နယ်မှာလုပ်တဲ့ နှစ်ပတ်လည်အထိမ်းအမှတ်ပွဲတစ်ခုကို တိုက်ခိုက်မှုအပေါ် ထွက်ပေါ်လာတဲ့ ထုတ်ပြန်ချက်တွေနဲ့ပတ်သက်ပြီး လူကြီးမင်းတို့ထံက ထုတ်ပြန်ချက် သို့မဟုတ် ပြန်ကြားချက်ကို တောင်းခံလိုတဲ့အတွက် အခုစာကိုရေးသားလိုက်ရခြင်းဖြစ်ပါတယ်။*

*လေကြောင်းကနေ တိုက်ခိုက်မှုကြောင့် အရပ်သား ၁၀၀ ကျော် ထိခိုက်မှုတွေရှိပြီး အများအပြား သေဆုံးတယ်လို့ ထုတ်ပြန်ချက်တွေမှာ ဖော်ပြထားပါတယ်။*

*ကုလသမဂ္ဂကလည်း လုံခြုံရေးတပ်ဖွဲ့အနေနဲ့ လက်နက်မဲ့အရပ်သားတွေအပေါ် အင်အားအလွန်အကျွံအသုံးပြုပြီးတိုက်ခိုက်တာဟာ လက်ခံနိုင်ဖွယ်ရာမရှိကြောင်းနဲ့ တာဝန်ခံဖို့ တောင်းဆိုထားကြောင်း ထုတ်ပြန်ထားပါတယ်။ ဒီထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး ဘယ်လိုများ တုံ့ပြန်မလဲဆိုတာ သိပါရစေ။ ကျေးဇူးတင်ပါတယ်။*

သည်ဖြစ်စဉ်နဲ့ပတ်သက်ပြီး ၂၄ ရက်နေ့က နိုင်ငံပိုင်သတင်းမီဒီယာတွေကတစ်ဆင့် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါပြီ။ နိုင်ငံတော်ရဲ့ သတင်းထုတ်ပြန်ထားတဲ့ အကြောင်းအရာတွေကိုတော့ ခင်ဗျားဖတ်ပြီးလောက်ပြီထင်ပါတယ်။ ဖတ်ပြီးလောက်ရင်တော့ သည်မေးခွန်းကို ခင်ဗျားမေးမှာမဟုတ်ပါဘူး။ သည်သတင်းထဲ အကုန်ပါပြီးသားဖြစ်ပါတယ်။ ဒါက ကျွန်တော်ပြောချင်တဲ့ နံပါတ်(၁)အချက်ပါ။

ဒုတိယတစ်ချက်အနေနဲ့ ခင်ဗျားမေးတဲ့ မေးခွန်းဟာ ဘယ်အချက်အလက်ကို ကိုးကားပြီး ပြောတာလဲ။ ဘယ်လောက်တရားဝင်ခိုင်မာလို့လဲလို့ မေးချင်ပါတယ်။

တတိယအချက် ကောလာဟလသတင်းတွေမှာပါတဲ့ ပြည်သူနဲ့ အနုပညာရှင်တွေ သေဆုံးတယ်ဆိုတာ၊ သည်နေရာဟာ ဘယ်လိုနေရာလဲ။ အဲဒီအနုပညာရှင်တွေဟာ ဘယ်လိုပတ်သက်ပြီးရောက်ရှိလဲ။ တချို့ဓာတ်ပုံမှတ်တမ်းတွေဟာ KIA ဝတ်စုံတွေနဲ့ ပျံ့နှံ့နေပါတယ်။ အဲဒီတော့ သူတို့ကဘာလဲ။ အဲဒီနေရာမှာရောက်တဲ့ အနုပညာရှင် ဘယ်လောက်ရှိလို့လဲ။ နီးစပ်တဲ့အသိုင်းအဝိုင်းက အသက်ရှင်သန်ဆဲလို့ ပြောနေတာတွေရှိပါတယ်။ အတည်မပြုနိုင်သေးတာကို မေးတာလို့ ကျွန်တော်ထင်ပါတယ်။

စတုတ္ထအချက် KIA ပြောရေးဆိုခွင့်ရှိသူ ကိုယ်တိုင်ကပြောတယ်။ KIA ထိန်းချုပ်နယ်မြေလို့ သုံးနှုန်းပြောတယ်။ ဒါဆိုရင် သည်နယ်မြေဟာ ဘယ်လိုသူတွေရှိနေမလဲ။ KIA တပ်ဖွဲ့ဝင်တွေနဲ့အတူ PDF တွေနဲ့ သူတို့နဲ့ နီးစပ်သူတွေပဲရှိတယ်။ ဒါလည်း ကျွန်တော်တို့မှာ အထောက်အထားရှိပါတယ်။ သည်နယ်မြေဟာ KIA ရဲ့ အပြောအရ ထိန်းချုပ်နယ်မြေ၊ ကန့်သတ်နယ်မြေဖြစ်လို့ ဘယ်အရပ်သားပြည်သူကမှလည်း သွားလို့မရဘူး။ သွားဖို့မလွယ်ဘူး။ ကံဆီးကသွားရင်တောင် ဘူဇာဒီး ရွာပျက် ဥရုမြစ်ချောင်းအတိုင်း ချောင်းဖျားအတိုင်းသွားရတယ်။ ဒေသအခေါ် ဥရာ ခချောင်းဖျား။ ဒါကိုဖြတ်ပြီးမှသာ လက်ရှိနေရာကို ရောက်မှာ။ ခင်ဗျားတို့ ကောင်းကင်ဂြိုဟ်တုပုံတွေကြည့်ပါ။ သိနိုင်တယ်။ အဲဒီရဲ့ အဆောက်အအုံကိုကြည့်ပါ။ ဂွမ်မော်ပြောတဲ့ ဈေးတန်း။ ဘာဈေးတန်းမှ မရှိဘူး။ ဒေသခံတွေသည် ကံဆီးဈေးမှာဝယ်တယ်။ အောင်ဘာလေ (တန်ဂွမ်း)ဈေးမှာဝယ်တယ်။ အဲဒီမှာ ဘာဈေးတန်းမှ မရှိဘူး။ ဒါဆိုရင် KIA ပြောခွင့်ရသူနဲ့ ဂွမ်မော်ရဲ့ ပြောဆိုမှုတွေ အရင်ညှိနှိုင်းဖို့ လိုပါလိမ့်မယ်။ ဘယ်ခရီးသွားမှ မရှိဘူး။ ဘူဇာဒီးရွာကျော်ပြီး ဘယ်ဒေသခံကမှ မသွားဘူး။ သွားတဲ့သူတွေက ဘယ်သူတွေလဲ ခင်ဗျားစဉ်းစားကြည့်ပါ။

ပဉ္စမအချက်အနေနဲ့ ထုတ်ပြန်ထားမှုတွေအရ KIA ရဲ့ တပ်မဟာမှူးအဆင့်ရှိသူ၊ တပ်ရင်းမှူးအဆင့်ရှိသူတွေ အပါအဝင် PDF တွေ၊ NLD ရဲ့အဖွဲ့တွေပဲပါတယ်။ အဆင့်တွေ၊ အမည်တွေ၊ ရာထူးတွေ၊ အဖွဲ့အစည်းတွေရဲ့ အထောက်အထားရှိပါတယ်။ အရပ်သားအမည်စာရင်းတောင် မပါဘူး။ ထူးခြားတာက NLD ပါတီဝင် အမည်အချို့၊ PDF အမည်အချို့တွေ့ရတော့ အကြမ်းဖက်လို့သတ်မှတ်ထားတဲ့ အဖွဲ့တွေနဲ့ ဆက်စပ်မှုရှိတယ်။ အကြမ်းဖက်လုပ်ငန်းတွေကို ပူးတွဲလုပ်ဆောင်နေတာဟာ ထင်ရှားပါတယ်။ နောက်တစ်ချက်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဖြစ်ပျက်နေတဲ့ဖြစ်စဉ်တွေ နောက်ကွယ်က ဘယ်သူတွေပါသလဲ။ ခင်ဗျားတို့ကြည့်ရင်သိပါမယ်။ KIA ဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက PDF တွေကို လေ့ကျင့်ပေးရုံတင်မကဘူး၊ လက်နက်နဲ့ခဲယမ်းတွေ၊ မိုင်းတွေကိုပါထောက်ပံ့ပါတယ်။ ဖမ်းဆီးရမိ၊ သိမ်းဆည်းရမိ လက်နက်တွေကို ကြည့်ရင် KIA ထုတ် လက်နက်တွေက အများဆုံးပါပဲ။ မန္တလေးတိုင်းဒေသကြီးဘက်ကမိတဲ့ လက်နက်တွေလည်း KIA ထုတ်တွေချည်းပဲဖြစ်ပါတယ်။ နောက်ကွယ်က KIA ရဲ့ အရာရှိတွေရဲ့ ပါဝင်ပတ်သက်မှုတွေဟာ များစွာရှိကြောင်း အချက်အလက်တွေရှိပါတယ်။ ဒါ့ကြောင့် တပ်မတော်အနေဖြင့် လိုအပ်တဲ့စစ်ဆင်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် သည်အဖွဲ့တွေပဲ ကျွန်တော်တို့ရဲ့ နယ်မြေထိန်းစခန်းတွေဖြစ်တဲ့ အောင်ဘာလေရွာအနီးက စခန်းတွေကို ဝင်တိုက်တာတွေ ရှိပါတယ်။ လက်ရှိ Online ဓာတ်ပုံ အထောက်အထားတွေကြည့်ပါ။ ယူနီဖောင်းနဲ့ သေဆုံး၊ ဒဏ်ရာရပုံတွေ တက်လာတာရှိတဲ့အတွက် အရပ်သားဆိုတာမရှိပါဘူး။ အရပ်သားနေထိုင်ရာနေရာ မဟုတ်ဘူးလို့ ပြောချင်ပါတယ်။

နောက်ဆုံး ဆက်စပ်ပြောချင်တာက တပ်မတော်ဟာ လက်နက်မဲ့အရပ်သားတွေအပေါ် တိုက်ခိုက်တာမရှိဘူးလို့ ပြောချင်တယ်။ အောက်တိုဘာ ၁၂ ရက်နေ့က မုံရွာ-ကျောလမ်းကြောင်းပေါ်က ကန်ဒေါင့်ကျေးရွာအနီးမှာ ပြည်သူ ၁၅ ဦး ခရီးသွားစဉ် PDF က ဖမ်းဆီးခေါ်ဆောင်သွားတာရှိပါတယ်။ သည်သတင်းနဲ့ ဆက်စပ်ပြီး

**စာမျက်နှာ ၁၇ သို့ ☆**















ဖားကန့်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့မှု ဖြစ်စဉ်ပြပုံ။



NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ပေးစဉ်။



NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ပေးစဉ်။





NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

☆ စာမျက်နှာ ၁၆ မှ

အောက်တိုဘာလ ၁၉၊ ၂၀ ရက်မှာ ကွန်မန်ဒိုတပ်ဖွဲ့တွေနဲ့ ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်နဲ့ ရွှေလှန်ကျေးရွာတစ်ဝိုက်မှာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းလုပ်တယ်။ အဲဒီ KIA/PDF တွေနဲ့ တိုက်ပွဲသုံးကြိမ်ဖြစ်တာရှိပါတယ်။ နောက်ဆုံး ကျွန်တော်တို့ အဲဒီအဖွဲ့တွေ ဖမ်းဆီးချုပ်နှောင်ထားတဲ့ အမျိုးသမီးတွေ၊ ကလေးသူငယ်တွေအပါအဝင် နိုင်ငံ့ဝန်ထမ်းတွေ၊ ကျေးရွာသူ၊ ကျေးရွာသား ၂၆ ဦးကို ကယ်တင်နိုင်ခဲ့တယ်။ အချို့အဲဒီမှာ နှစ်နှစ် အရွယ်နဲ့ ၁၂ နှစ်အရွယ် ကလေးတွေပါတယ်။ အချို့ဆိုရင် ခုနစ်လကနေ တစ်နှစ်နီးပါး ချုပ်နှောင်ခံထားရတာရှိပါတယ်။ ဒါက အနီးကပ်ဆုံးအဖြေပါ။ တပ်မတော်သည် အရပ်သားတွေကို တိုက်ခိုက်တာ မရှိဘူး။ အကြမ်းဖက်သမားတွေ ဖမ်းဆီးမှုကနေ ပြည်သူတွေကို ကယ်ထုတ်တာပဲ ရှိပါတယ်။

ခင်ဗျားမေးတဲ့မေးခွန်းကို ကျွန်တော်စုံလင်အောင် ပြောပြီးဖြစ်ပါတယ်။ တပ်မတော်ဟာ လက်နက်မဲ့အရပ်သားကို တိုက်ခိုက်တာမရှိဘူး။ ယင်းမာပင်ဖြစ်စဉ်ကိုကြည့်ပါ။ ပြည်သူကို ကယ်တင်တာပဲရှိတယ်။ ကချင်ပြည်နယ် ဖားကန့်ဒေသဖြစ်စဉ်ဟာ KIA တပ်မဟာ (၉) က ထိန်းချုပ်ထားတယ်လို့ သူတို့ကိုယ်တိုင်ပြောထားတဲ့ နယ်မြေဖြစ်တယ်။ အချက်အလက်တွေအရ KIA ရဲ့ PDF အကြမ်းဖက်ဝင်တွေနဲ့ ဆက်နွှယ်သူတွေသာရှိတယ်။ ဒါကို တပ်မတော်အနေနဲ့ စစ်ဆင်ရေးလုပ်တာဖြစ်တယ်။ နှစ်ပတ်လည်အခမ်းအနားဆိုတာလည်း ကျွန်တော်တို့ မသိဘူး။ ရန်သူတွေရဲ့ ခိုအောင်းတည်ရှိနေရာ အကြမ်းဖက်သမားတွေ စုစည်းရာနေရာဖြစ်လို့သာ ဖြစ်တယ်။ ဒါ့ကြောင့် စစ်ရေးလိုအပ်ချက်အရ စစ်ဆင်ရေးဆောင်ရွက်ခြင်းသာဖြစ်တယ်။ တပ်မတော်ဟာ ဖြစ်တည်မှုသမိုင်းစဉ်ကနေ လက်ရှိအခြေအနေအထိ အရပ်သားပြည်သူတွေအပေါ် တိုက်ခိုက်တာမရှိကြောင်းနဲ့ မမှန်သတင်းဖြန့်မှုအပေါ် ဖြေရှင်းစရာမရှိဘူးလို့ ပြောချင်တယ်။





၂၀၂၂ ခုနှစ် ဇွန်လ ၂၃ ရက်တွင် KIA ထုတ် လက်နက်ပစ္စည်းများ ဖမ်းဆီးရရှိမှုပုံ။



ဖားကန့်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများအား ထိတွေ့တိုက်ခိုက်မှုဆိုင်ရာစည်းမျဉ်း (Rules of Engagement-ROE)အတိုင်း ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၄

ဖားကန့်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ

သတင်းစာများတွင် ဖော်ပြထားရှိမှုပုံ။



နေပြည်တော် အောက်တိုဘာ ၂၅

NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာပြန်လည်ကယ်တင်နိုင်

NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာပြန်လည်ကယ်တင်နိုင်ခဲ့မှုဖြစ်စဉ်ပြပုံ

သတင်းစာများတွင် ဖော်ပြထားရှိမှုပုံ။

# စဉ့်ကူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေး



**စဉ့်ကူး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စီမံကိန်းဝင် ကျေးရွာသုံးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆပ်/ထုတ် စနစ်ဖြင့် ထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှု လျှော့ချနိုင်စေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က ဆင်ကျွန်းကျေးရွာ၊ စားကျက်ကြီးကျေးရွာ၊ ကံပြိုကျေးရွာ စုစုပေါင်းကျေးရွာသုံးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး မြစိမ်းရောင်စီမံကိန်းဝင် အသင်းသူအသင်းသား စုစုပေါင်း ၄၄၃ ဦးအတွက် စီမံကိန်းရန်ပုံငွေကျပ် ၁၃၅ ဒသမ ၂၅ သန်းအား မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက နေ့ချင်းပြီး ထုတ်ချေးပေးသည်။ **တင်ဇာလွင် (ပြန်/ဆက်)**

ဝတ္ထုတို

# ကံကြွေး

ခင်ဘုန်းကျော်

"အမေ ဒီအိမ်ကိုရောင်းပြီး အမွေခွဲပေးပါ ကျွန်တော် တော်တော်အဆင်မပြေဘူးဖြစ်နေတယ်"

"အင်းအစ်ကိုကြီး အမေ့ကို ဂျီကျနေပြန်ပြီ"

ညီဖြစ်သူ တူးမောင်တစ်ယောက် စိတ်ထဲမှာ ကျိတ်၍မှတ်ချက်ချလိုက်သည်။ ပုဆိန်ဖြင့် ထင်းခွဲနေခြင်းကိုလည်း ရပ်ထားလိုက်သည်။ အမေမည်သို့ တုံ့ပြန်မည်ကိုလည်း အာရုံစိုက်နားထောင်နေလိုက်သည်။

"ခက်တာပဲ တိုးငွေ ဒီအိမ်ရောင်းလိုက်ရင် ဒို့ဘယ်သွားနေရမလဲ။ ထရံကာ ဓနိမိုးကို ဘယ်သူက ဈေးကောင်းပေးမှာလဲ၊ ဖအေ့လက်ငုတ် လယ်သုံးဧကလည်း ရောင်းသုံးလို့ကုန်ပြီ ငါလည်းကြာကြာနေရတော့မှာ မဟုတ်ဘူး၊ ကျန်းမာရေးက တစ်နေ့တခြားဆိုးနေပြီ ဆေးဖိုးတောင် တူးမောင်ရှာပေးနေတာ"

တိုးငွေသည် ဆယ်တန်းအကြိမ်ကြိမ်ကျပြီး ဆိုးပေလုပ်နေခဲ့သည်မှာ ငါးနှစ်ခန့်ရှိနေပြီး ဖခင်၏လက်ငုတ်လက်ရင်းဖြစ်သော လယ်သုံးဧကဆက်လုပ်ပါဆိုလည်း မလုပ်။ ရောင်းပြီး သုံးပစ်သည်။ ကွမ်း၊ ဆေး၊ အရက်၊ ဖဲ၊ မိန်းကလေးအချို့သည် သူစိတ်ဖြေရာပင်ဖြစ်နေသည်။ တူးမောင်မနေနိုင်တော့ ကိုင်ထားသော ပုဆိန်ကိုလွှတ်ချ၍ အမေနှင့် အစ်ကိုအနားသို့ ရောက်လာခဲ့သည်။

"အစ်ကိုကြီး ကျွန်တော်စုထားတဲ့ သုံးထောင်ကျော်ရှိတယ်။ အဲဒါယူသွားပါဗျာ။ အမေ့ဆီက မတောင်းပါနဲ့"

"ငါက ရပိုင်ခွင့်ရှိလို့ တောင်းတာ။ မင်းလို အချောင်စောင့်နေတာ မဟုတ်ဘူး။ အချောင်စောင့်နေလည်း မရဘူး။ မင်းကမွေးစားသား"

"ကျွန်တော့်ကိုယ် ကျွန်တော်သိပါတယ်အစ်ကိုကြီးရယ် ကျွန်တော်ဘာမှ မမျှော်လင့်ပါဘူး။ အမေ မရှိတော့ရင် ကျွန်တော် ဒီအိမ်ကထွက်သွားမှာပါ။"

"တတ်တိုင်းပြောမနေနဲ့"

"ဒါဆို အစ်ကိုကြီး အမေနဲ့ အတူလာနေပြီး စောင့်ရှောက်လေ။ ကျွန်တော် ထွက်သွားမယ်"

"တော်ကြပါတော့ဟယ် တော်ကြပါတော့"ဟု မောပန်းစွာပြောရင်း မျက်ရည်များ သုတ်နေလေသည်။ ဖခင်ရှိစဉ်က လယ်ပိုင်အိမ်ပိုင်လေးဖြင့် တင့်တောင့်တင့်တယ်နေခဲ့ရသော်လည်း ဖခင်ဆုံးပါးသွားသောအခါ တိုးငွေ ထင်တိုင်းကြဲတော့သည်။ မိခင်လူမမာကြီးကိုပင် အသက်ရှိသည်ဟူ၍ပင် မထင်တော့ လယ်သုံးဧကမှာလည်း ပိုင်းပိုင်းရောင်း၍ ကုန်ရတော့သည်။ အသုံးလိုလျှင် လက်ဖြန့်တောင်းတတ်သည်မှ လွဲ၍ ဘာမှမလုပ်တတ်။ ဒေါ်ပွားမျက်ရည်ကျရုံသာရှိသည်။

"အစ်ကိုကြီးရာ ရော့ပါ ကျွန်တော့်ဆီက ပိုက်ဆံယူသွားပါ"

"သွားစမ်း လူလည်လာမလုပ်နဲ့ အမေ့အိမ်ရောင်းမလား၊ မရောင်းဘူးလား၊ ဒါပဲပြော အိမ်ဝယ်မယ့်သူရှိတယ်"

နေ့စဉ်ခံစားနေရသော သားကြီး၏ ဆူပူသောင်းကျန်းမှုဒဏ်ကို မခံနိုင်သောကြောင့် အိမ်ရောင်းရတော့သည်။ သားကြီးကိုတစ်ဝက်ခွဲပေးလိုက်သည်။

"အမေ အမေ့ပိုက်ဆံဟာ ကျွန်တော့် ပိုက်ဆံပဲနော် တူးမောင်က ဘာမှမဆိုင်ဘူး မွေးစားသား"

ပိုက်ဆံများကို သိမ်းယူ၍ ဒယီးဒယိုင်ဖြင့် အိမ်ပေါ်မှ ဆင်းသွားတော့၏။ သုံးထစ်သာရှိသော လှေကားအဆင်းတွင် လဲကျမလိုဖြစ်ခြင်းကြောင့် တူးမောင်က အပြေးလာပြီး ဖေးမဆွဲတင်လိုက်သောကြောင့် လိမ့်ကျမသွားခြင်းဖြစ်သည်။ ငွေရှိနေသရွေ့ ပြန်လာဦးမည် မဟုတ်။

တူးမောင်နှင့် အမေသာ အဒေါ် ဝမ်းကွဲအိမ်ဘေးတွင် မြေစိုက်အဖီလေးဆွဲ၍ တစ်နေ့လျှင် သုံးကျပ်ပေး၍ နေလိုက်ကြရတော့သည်။

"သားလေးတူးမောင် အမေနဲ့ပဲ နေနော်"

"စိတ်ချပါအမေ အမေသက်ရှိထင်ရှားရှိနေသရွေ့ အမေနဲ့ပဲနေမှာပါ"

တူးမောင်က ဈေးထဲမှာ ဈေးတောင်းထမ်းသည်။ ရေထမ်းသည်။ ထင်းခွဲပေးသည်။ ရသမျှငွေစလေးများကို တချို့တစ်ဝက်ကို ဒေါ်ပွားအားပေး၍ အချို့ကို စုဆောင်းထားခဲ့သည်။ ဒေါ်ပွားသည် တိုးငွေကို တူးမောင်ကဲ့သို့ ဖြစ်စေချင်သည်။ တူးမောင်၏ မိဘများသည် ကပ်ရောဂါဘေးဆိုးကြီးအတွင်း ရှေ့ဆင့်နောက်ဆင့်ဆုံးပါးခဲ့သည်။ မိခင်ဆုံးပါးခါနီးအချိန်တွင် တစ်ဆယ့်တစ်နှစ်သာရှိသေးသော တူးမောင်ကို လက်ကလေးဆွဲ၍ ဒေါ်ပွားလက်ထဲသို့ ထည့်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်မှစ၍ တူးမောင်ကို ဒေါ်ပွားသည် သားအရင်းကဲ့သို့ မှတ်ယူခဲ့သည်။

နှစ်ပေါက်အောင်ပင် မကြာလိုက်ပါ တိုးငွေကျန်းမာရေး တော်တော်ဆိုးနေသည်ဟုကြားရသည်။ အိပ်ရာနေရာ သေချာမရှိ။ ဈေးခုံများပေါ်တွင် ပုဆိုးခြုံအိပ်တတ်ပြီး ကြုံသလိုစားသောက်တတ်သည်။ အရက်ကတော့ သောက်မြဲပင်ဖြစ်သည်။ နေ့ဘက်တွင် အရိပ်ကောင်းသော ညောင်ပင်ကြီးဆီသို့ လာရောက်နေထိုင်တတ်သည်။

ဤစရိုက်စုံများသည် တိုးငွေကိုယ်ပေါ်သို့ တဖြည်းဖြည်းချင်း ကျရောက်ခဲ့ပြီး အရက်သေစာသောက်စားခြင်းကား မပျက်ခဲ့။ ထိုသတင်းကို ကြားသိသော တူးမောင်သည် မိခင်နှင့်တိုင်ပင်၍ အစ်ကိုကြီးကို အိမ်ခေါ်ထားခဲ့သည်။ ဆေးဝါးနှင့် အစားအသောက်များကိုလည်း ဂရုစိုက်ကျွေးမွေးခဲ့သည်။ တိုးငွေ၏ကျန်းမာရေးကား မထူးခြားတော့၊ ဒေါ်ပွားမျက်ရည် ဝေမြဲဝေရသည်။ တိုးငွေအား အိမ်ခေါ်ထားသည်ကို မြေရှင် (သို့) အိမ်ရှင်က မကျေနပ်တော့ မြေငှားခမှန်မှန်ပေးနေသည်ကို လက်မခံတော့။

"ဟဲ့မိပွား အရေပြားတွေ ပျက်စီးနေတာ အနာဖြစ်နေတာ ကိုယ်ရေပြားရောဂါဟဲ့ အိမ်မှာထားလို့ ဘယ်ဖြစ်မှာတုံး။ အားတော့နာပါတယ်အေ။ ညည်းတို့ နေရာရှာကြတော့ အရပ်နဲ့ စကားမပြောချင်ဘူး"

ဒေါ်ပွားတို့မိသားစုသည် တစ်ချက်လွတ်အမိန့်ကို မလွန်ဆန်နိုင်ကြပေ။ သားကို ပစ်မထားနိုင်သော ဒေါ်ပွားနှင့် အစ်ကိုကြီးကို ခင်တွယ်ရှာသော တူးမောင်တို့ နေရာရှာရတော့သည်။ တိုးငွေနေခဲ့သော ညောင်ပင်ရိပ်ဆီသို့ ရောက်ခဲ့သည်။ ညောင်ပင်ကြီးအား မှီတွယ်၍ တဲလေးဆောက်နေကြရတော့သည်။ တူးမောင်ကတော့ မိခင်ကြီးစိတ်ချမ်းသာအောင် ပြောတတ်သည်။

"ဒီနေရာလေး ကောင်းတယ်အမေရ ဈေးနဲ့ ရွာနဲ့ မဝေးဘူး ကျွန်တော်သွားရလာရ လွယ်တယ်။"

ဒေါ်ပွားသည် သူ့အကျင့်အတိုင်း မျက်ရည်သုတ်၍ ခေါင်းတညိတ်ညိတ်လုပ်နေတော့သည်။ ။

# မန္တလေးဝန်းကျင်ရှိ မြန်မာ့ဓလေ့ ဇီးကွက်သောက်ရေအိုးစင်များ

မောင်ဓာတု

ရေသည် လူနှင့် သတ္တဝါတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ရေအသက်-တစ်မနက်ဟူသော ဆိုရိုးစကားနှင့်အညီ အသက်ရှင်သန်ရေးတွင် မရှိမဖြစ်လိုအပ်ပြီး အားအင်ဖြစ်စေသည်။

ပူပြင်းသောအညာဒေသတွင် သောက်ရေအိုးစင် (ရေချမ်းစင်) ဓလေ့မှာ ခေတ်အစားဆုံး မြန်မာ့ဓလေ့အဖြစ်ရှိခဲ့သည်။ တောသွားတောပြန်၊ မြို့ရွာချင်းကူးလူးသွားလာသည့်လမ်းတစ်လျှောက် နေပူပူ၊ ချွေးတပြိုက်ပြိုက်ကျနေချိန် သောက်ရေအိုးစင်မှ ရေတစ်ခွက်က လွန်စွာတန်ဖိုးရှိသည်။

ခရီးပန်းသူအတွက် ပင်ပန်းနွမ်းနယ်သမျှလန်းဆန်းသွားသည်မို့ သောက်သုံးသူက သာစုခေါ်ကြသည်။

ရေအကျိုး(၁၀)ပါးနှင့် ပြည့်ပါစေဟု သောက်ရေအိုးစင်အလှူရှင်အား ဆုပေးကြသည်။ ရေအကျိုး (၁၀)ပါးမှာ စင်ကြယ်ခြင်း၊ ကျော်စောခြင်း၊ အခြံအရံများခြင်း၊ ရေမွတ်သိပ်ခြင်းမှကင်းခြင်း၊ လျင်မြန်ပေါ့ပါးခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း၊ ဖြတ်ထိုးဉာဏ်ရှိခြင်းတို့ဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက်ကတည်းက ကျေးလက်နှင့် မြို့ပြများမှ လမ်းနံဘေးက သောက်ရေအိုးစင် (သို့မဟုတ်) ရေချမ်းစင်ထားရှိသော ဓလေ့ပေါ်ပေါက်ခဲ့သည်။ ရှေးအခါက တစ်နေရာမှတစ်နေရာ ကူးလူးသွားလာရာ၌ ခြေကျင်တစ်မျိုး၊ လှည်းနှင့်တစ်ဖုံ သွားလာခြင်းဖြစ်၍ လမ်းခရီးမှ အမောဖြေခိုနားသောက်သုံးရာမှာ ရေအိုးစင်ရှိရာနေရာဖြစ်သည်။

ယနေ့တိုင် မြန်မာ့သောက်ရေအိုးစင်ဓလေ့မှာ မြန်မာလူမှုပတ်ဝန်းကျင်တွင် အခိုင်အမာရှင်သန်နေဆဲပင်ဖြစ်ပါသည်။

ထိုသောက်ရေအိုးစင်များမှာ အလှူရှင်၏ စိတ်ကူးစိတ်သန်းနှင့် ပုံဖော်လှူဒါန်းကြရာ မန္တလေးမြို့တွင်းနှင့် အနီးဝန်းကျင်တွင် ဇီးကွက်သောက်ရေအိုးစင်များကို တွေ့ရသည်။

ဇီးကွက်သည် ဉာဏ်ပညာနှင့်လာဘ်လာဘကို ကိုယ်စားပြုသည်ဟု အယူရှိကြသည်။ လှူဒါန်းသူနှင့် သောက်သုံးသူ နှစ်ဦးနှစ်ဖက် လာဘ်လာဘတိုးပွား၍ ကျန်းမာစေကြောင်း ရည်ရွယ်ဟန်ရှိသည်။ အုတ်၊ အင်္ဂတေဖြင့် ဇီးကွက်ပုံဖော်၍ အတောင်နှစ်ခုကြား ရင်ခွင်ထဲ၌ မြေနှင့်ပြုလုပ်သည့် ရေအိုးထားရှိခြင်းက ဇီးကွက်၏ ခန္ဓာကိုယ်ဖွဲ့စည်း



ပုံနှင့် အဆင်ပြေလှသည်။

ထိုဇီးကွက်ပုံသောက်ရေအိုးစင်များကို မန္တလေးမြို့ ၂၈ လမ်း၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြား၌ လည်းကောင်း၊ ၈၂ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြား၊ ၃၃ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင်လည်းကောင်း၊ အရိုးအိုးကြီးဘုရားဝင်းအတွင်း၌လည်းကောင်း၊ အမရပူရ၊ တောင်သမန်ကန်ပတ်လမ်းအနောက်ဘက်လမ်းဘေး၌လည်းကောင်း၊ ရွှေစာရံသွားလမ်းဘေး၌လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာလမ်းဘေး၌လည်းကောင်း ဇီးကွက်သောက်ရေအိုးစင်များ တွေ့ရပြီး အခြားနေရာများတွင်လည်း ရှိနိုင်ပါသေးသည်။

သောက်ရေအိုးစင်များမှာ တစ်ရွာတစ်ပုဒ်ဆန်းအနေဖြင့် တွေ့မြင်ရမည်ဖြစ်သည်။ သစ်ပင်ကြီးတစ်ပင်တွင် စင်ထိုး၍ မြေအိုးနှင့် အုန်းမှုတ်ခွက်ဖြင့် သောက်ရေအိုးစင်များမှာ ဒေသအချို့တွင် ရှိနေဆဲဖြစ်ပြီး မြို့ပြနှင့်နီးပါက ပုံစံဒီဇိုင်းအမျိုးမျိုးနှင့် သောက်ရေအိုးစင်များ တွေ့ရသည်။ အချို့က သစ်ပင်သစ်သားကို ထွင်းထု၍ ပုံဖော်ကြသည်။ အများအားဖြင့် သစ်တစ်ပင်တွင် စင်ရိုက်လျက် ရေအိုးတင်ထားသည့် ရေအိုးစင်များ၊ အုတ်ဖြင့်လုံခြုံသော အမိုးအကာအောက်က ရေအိုးစင်၊ ပစ်တိုင်းထောင်၊ ဇီးကွက် ရေအိုးစင်များစသည်ဖြင့် ရေကုသိုလ်ပြုကြလေ့ရှိသည်။

ရတနာပုံမြို့တည် မင်းတုန်းမင်းလက်ထက်ကတည်းက လမ်းဘေးသောက်ရေအိုးစင်ဓလေ့ရှိခဲ့သည်ဟု သိရသည်။ ထိုအချိန်က သောက်သုံးသူတို့သည် ပြီးလွယ်စီးလွယ်သောက်သုံးလေ့မရှိ။ သောက်ရေအိုးစင်အလှူရှင်အား လေးစားဂုဏ်ပြုခြင်း၊ ကောင်းမှုအတွက် ဝမ်းပန်းတသာ အနုမောဒနာပြုသောအားဖြင့် ရေမသောက်မီ ဖိနပ်ချွတ်၍ အလှူရှင်ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းပေးပြီးမှ သောက်သုံးသည်ဟု ရှေးလူကြီးများ၏ပြောစကားကို ကြားဖူးပါသည်။

ထိုသို့ အလွန်လေးစားဖွယ်ကောင်းသော ဖိနပ်ချွတ်ခြင်းအပြုအမူမှာ သီပေါမင်းပါတော်မူပြီးနောက်ပိုင်း လျော့ပါးလာခဲ့ကြောင်း မှတ်သားရပါသည်။ ခေတ်ကာလနှင့်အညီ လူနေမှုစရိုက် ပြောင်းလဲလာရာက ယနေ့တွင် ရေသန့်ခေတ်သို့ ရောက်ရှိလာခဲ့သည်။ ခေတ်၏ စေစားမှုကြောင့် သောက်ရေသန့်များ သောက်သုံးလာကြသည်။ အလွယ်တကူသယ်ယူနိုင်သောထုပ်ပိုးမှုနှင့် ဝယ်ယူရန်လွယ်ကူသော သောက်ရေသန့်သောက်သုံးသူများပြားလာသဖြင့် လမ်းဘေးက သောက်ရေအိုးစင်များ မျက်နှာငယ်ကာ မျက်နှာပန်းမလှဖြစ်လာရသည်။

သောက်ရေအိုးစင်များသည် မြန်မာ့ရိုးရာဓလေ့တစ်ခုကို ဖော်ကျူးနေသကဲ့သို့ မြန်မာတို့၏ မေတ္တာ၊ ကရုဏာစိတ်ကို မြင်တွေ့နိုင်ပေသည်။ "ရေငတ်တုန်း-ရေတွင်းထဲကျ" ဟူသောအရပ်စကားအရ ရေဆာချိန်တွင် ရေတစ်ခွက်သည် လွန်စွာတန်ဖိုးကြီးလှပြီး လှူဒါန်းသူတို့အတွက် ရေအကျိုး(၁၀)ပါး ရရှိနေမည်ဖြစ်သည့် ထာဝရကုသိုလ်တစ်ခုဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

■

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

ပါမောက္ခဒေါက်တာခင်ရီဝင်း

### ဆင်ရိုင်းကြီး

တစ်ခါက တောအုပ်တစ်ခုအတွင်း၌ အလွန်ဆိုးသွမ်းပြီး အနိုင်ကျင့်မိုက်ရိုင်းသည့် ဆင်ရိုင်းကြီးတစ်ကောင်ရှိသည်။

တစ်နေ့သော် ဆင်ရိုင်းကြီးသည် တောအုပ်အတွင်းမှထွက်လာစဉ် ငုံးမတစ်ကောင်နှင့်တွေ့လေသောအခါ ဆင်ရိုင်းကြီးဖြတ်သွားမည့် လမ်းပေါ်က ငုံးဥများအတွက် စိုးရိမ်ပူပန်စွာဖြင့် တောင်းပန်စကားဆိုလိုက်သည်။

“အရှင်ဆင်မင်းကြီး ဖြတ်သန်းသွားလာမယ့် လမ်းပေါ်မှာ ကျွန်မရဲ့ဥတွေရှိနေပါတယ်။ ဒါကြောင့် ဥတွေကို မနင်းမိအောင် ကျေးဇူးပြုပြီးရှောင်ရှားသွားပေးပါ။ ဥတွေက မကြာခင်မှာ ပေါက်လာတော့မှာဖြစ်လို့ ကျွန်မကလေးတွေကို သနားကြင်နာသောအားဖြင့် တက်နင်းမသွားပါနဲ့ရှင်”

ငုံးမ၏တောင်းပန်စကားကို ဆင်ရိုင်းကြီးက မကြားလေဟန်ဖြင့် ဆက်လျှောက်သွားလေသည်။

“ကျွန်မတောင်းပန်ပါတယ်ရှင်၊ ကျွန်မကလေးတွေဖြစ်လာမယ့် ဥတွေကိုတော့ ရှောင်ပေးသွားပါရှင်”

ဆင်ရိုင်းကြီးသည် အကြင်နာတရားကင်းမဲ့သည့်သတ္တဝါဖြစ်ရကား ငုံးမ၏စကားကို ဂရုမပြုဘဲ ငုံးဥများပေါ်သို့ တက်နင်းသွားရာ မကြာမီတွင်ပေါက်လာကြတော့မည့် ငုံးမ၏ရင်သွေးလေးများအားလုံး သေကျေပျက်စီးကုန်ကြရလေသည်။

“ရက်စက်လိုက်တာရှင်။ ကျွန်မကလေးတွေအားလုံး သေကျေကုန်ပါပြီ။ သေကုန်ပြီရှင့် သေကုန်ပြီ”


ငုံးမကြီးသည် အလွန်တရာဝမ်းနည်းပူဆွေးသောကဖြစ်ရကာ ငိုကြွေးလေတော့သည်။ ဒေါသလည်း အလွန်တရာထွက်ပေါ်လာရပြီး သောကကို မခံစားနိုင်ဖြစ်ရသဖြင့် ဆင်ရိုင်းကြီးအား ပြန်လည်လက်စားချေရန် အကြံထုတ်လေသည်။

“ဖြစ်မှဖြစ်ရလေကွယ်။ အတော်မိုက်ရိုင်းတာပဲ၊ စိတ်မကောင်းများစွာဖြစ်ရပါတယ်”

မိတ်ဆွေကျီးကန်းထံသို့ မျက်ရည်လည်ရွဲဖြင့် သွားရောက်ကာ ဖြစ်ကြောင်းကုန်စင်ပြောပြပြီး ကူညီနိုင်ပါက ကူညီပေးပါရန် အကူအညီ တောင်းခံသည်။

“ယုတ်မာရိုင်းစိုင်းပြီး အကြင်နာတရားကင်းမဲ့တဲ့ဆင်ရိုင်းကြီးကို လက်စားချေပေးဖို့ပါ”

“ကောင်းပါပြီ၊ ဘယ်လိုများဖြစ်စေချင်တာလဲ အဆွေတော်”



“အဆွေတော်ကျီးရဲ့ ချွန်ထက်တဲ့နှုတ်သီးနဲ့ ဆင်ရိုင်းကြီးရဲ့ မျက်စိအစုံကို ထိုးဖောက်ပေးဖို့ပါပဲ”

မိတ်ဆွေကျီးကန်းက ငုံးမ၏တောင်းဆိုမှုကို လက်ခံလိုက်ပြီး တစ်နေ့မှာ ဆင်ရိုင်းကြီးရဲ့မျက်စိအစုံကို နှုတ်သီးဖြင့် ထိုးဖောက်လိုက်သဖြင့် ဆင်ရိုင်းကြီး၏မျက်စိတွင် ဒဏ်ရာရသွားတော့သည်။

“အဆွေတော် ယင်မကြီးရေ၊ ဖြစ်စဉ်ကတော့အဲဒီလိုပါပဲ၊ အဲဒါ အကူအညီလိုလို့ပါ။ မိုက်ရိုင်းတဲ့ဆင်ကြီးလည်း အခုတော့ မျက်စိမှာ ဒဏ်ရာရသွားပါပြီ၊ အဆွေတော်က ဆင်ရိုင်းကြီးရဲ့ မျက်စိဒဏ်ရာအတွင်းသို့ဝင်ပြီး ဥတွေချထားပေးခဲ့ဖို့ပါပဲ”

ယင်မကြီးကလည်း မိတ်ဆွေခံစားနေရသည်ကို ကိုယ်ချင်းစာခံစားပြီး ကူညီရန်ကတိပေးလိုက်သည်။ ထို့နောက်တွင် ယင်မကြီးသည် ဆင်ရိုင်းကြီး၏မျက်စိဒဏ်ရာအတွင်းသို့ ဝင်ရောက်ကာ ဥများချထားပေးလိုက်ရာ ယင်ဥများမှ မကြာမီလောက်ကောင်များအဖြစ် ကူးပြောင်းသွားပြီး နောက်ဆုံးတွင် ဆင်ရိုင်းကြီး၏မျက်စိအစုံ ပျက်စီးသွားရသည်။ ဆင်ရိုင်းကြီးမှာ မျက်စိကန်းသွားရတော့သည်။

ငုံးမသည် သားသမီးဖောကပ်နေ၍ မကျေနပ်နိုင်သေးဘဲ အငြိုးကြီးစွာဖြင့် ဆက်လက်လက်စားချေရန် မိတ်ဆွေဖားထံသို့သွားပြီး အကူအညီပေးပါရန် တောင်းဆိုပြန်လေသည်။

“မိတ်ဆွေကြီးဖားရေ ဆင်ရိုင်းကြီးကို လက်စားချေဖို့ကူညီပါဦးနော်။ မိတ်ဆွေကြီးက ချောက်ကမ်းပါးထိပ်ကနေ အော်ပေးရုံပါပဲ။ ကျေးဇူးအထူးတင်ပါတယ်”။

“ကောင်းပြီအဆွေတော်။ ကျွန်ုပ်ဆက်လက်ဆောင်ရွက်လိုက်ပါ့မယ်၊ ချမ်းမြေ့စွာနေပါတော့”

ဆင်ရိုင်းကြီးသည် ဝေဒနာအသီးသီးကို ခံစားရပြီး မျက်ကန်းဆင်ကြီးအဖြစ်ဘဝကို ဖြတ်သန်းနေရတော့သည်။ တစ်နေ့မှာ ဆင်ရိုင်းကြီးသည် ရေဆာလောင်မှုဖြစ်လာတော့သည်။ ဆာလောင်မှုကို အောင့်အည်းသည်းခံနေသော်လည်း ရေဆာလောင်မှုက ပိုမိုဖြစ်ပေါ်လာရကာ ရေကန်ရှိရာသို့ မှန်းဆသွားနေရလေသည်။

“ဟင်းဟင်းဟင်း တွေ့ကြပြီပေါ့။ ဆင်ရိုင်းကြီးရာ”

ငုံးမသည် ဆင်ကြီး၏အခြေအနေကို လေ့လာကြည့်ရှုနေရာမှ ဆင်ရိုင်းကြီးရေအရှာထွက်ကြောင်းသိသည်နှင့် မိတ်ဆွေကြီးဖားကို အသိပေးလိုက်ရာ ဖားကြီးက ချောက်ကမ်းပါးထိပ်သို့ သွားပြီး ထိုနေရာမှ အသံပေးလိုက်သည်။ မျက်ကန်းဆင်ရိုင်းကြီးလည်း ဖားအော်သံကြားရသည့်နေရာသည်ရေအိုင်ရှိသည့်နေရာပဲဟုတွေးကာ အသံလာရာဆီသို့သွားလေရာ ဖားကလည်း ချောက်ကမ်းပါးအစွန်းအောက်သို့ နေရာရွှေ့၍အသံပေးလေသည်။ ထိုအခါ မျက်ကန်းဆင်ရိုင်းကြီးသည် ချောက်ကမ်းပါးအစွန်းမှ နက်ရှိုင်းသည့်ချောက်အတွင်းသို့ကျကာ သေဆုံးသွားရလေတော့သည်။ ငုံးမသည်လည်း သေပွဲဝင်ခဲ့ရသည့်ရင်သွေးများအတွက် လက်စားချေခွင့်ရရှိသဖြင့် စိတ်ကျေနပ်သွားလေသည်။

သို့ဖြစ်၍ အင်အားကိုတလွဲသုံးပြီး မတရားအနိုင်ကျင့်ရိုင်းစိုင်းခဲ့သည့် ဆင်ရိုင်းကြီးသည် အသက်ဆုံးရှုံးရသည်အထိ အဆုံးတွင် ရှုံးနိမ့်ရသည်သာဖြစ်ပြီး သတ္တဝါငယ်ကလေးများပင်ဖြစ်လင့်ကစား မိတ်ဆွေစစ်တို့၏စုပေါင်းအားဖြင့် အင်အားကြီးမားသည့် ဆင်ရိုင်းကြီးကို တွန်းလှန်နိုင်သည်ဖြစ်ရာ စည်းလုံးညီညွတ်မှုရှိခြင်း၊ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းတို့ရှိခြင်းသည် အကျိုးကျေးဇူးကြီးမားကြောင်း သိမြင်မှတ်သားစရာဖြစ်ပေတော့သည်။ ။

Ref: SHAN LEGENDS– by Pu Loi Hom and Pu Loi Tun.

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

### ရှမ်းရိုးရာစကားထာ

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းဒေသရှိ ကျေးလက်ရွာတစ်ရွာ၌ ဗညားနှင့် လဂွန်းအိမ်ဟူသည့် သူငယ်ချင်းနှစ်ဦးတို့သည် ရွာဦးကျောင်း၌ ကျောင်းသင်ခန်းစာနှင့် ဘုန်းတော်ကြီးသင် စာပေများကို အတူတကွသင်ယူလျက်ရှိသည်။

သူတို့သည် ကျောင်းအိပ်ကျောင်းစားဖြင့် မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ပညာဆည်းပူးနေကြသူများဖြစ်ရာ ပညာလိုလားပြီး စာကြိုးစားသူများလည်းဖြစ်သည်။ အားလပ်ချိန်များ၌ ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

“ဉာဏ်စမ်းပဟေဠိ မေးတော့မယ်ကွာ ဗညားရာ” လဂွန်းအိမ်က မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လဲလျောင်းရင်း ပြောလိုက်သည်။

“မေးပါကွာ၊ မေးပါ။ ငါက အဆင်သင့်ပါပဲ” ဗညားက မိုးကောင်းကင်ပေါ်သို့ ကြည့်လိုက်ရင်း ပြန်ပြောသည်။

“မေးပြီ သူငယ်ချင်းရေ၊ ‘ကျောက်ပေါက်မာနဲ့ ကြက်တောင်စည်း’ အဲဒါ ဘာလဲဖြေပေးပါ”

“လဂွန်းအိမ်ရာ မင်းရဲ့မေးခွန်းကလည်း တစ်မျိုးပါလား... စဉ်းစားလိုက်ဦးမယ်ကွာ” ဗညားမှာ မန်ကျည်းပင်ကြီး၏ ပင်စည်ကို ကျောမှီရပ်ကာ စဉ်းစားနေတော့သည်။

“အဖြေက ရှိတယ်နော်၊ ဗညားရေ...၊ မင်းစဉ်းစားလို့မရရင် ပန်းပေးမယ်သာပြောလိုက်ပေါ့” လဂွန်းအိမ်၏စကားကြောင့် ဗညားတစ်ယောက် ချက်ချင်းအဖြေပြောလိုက်တော့သည်။

“သူငယ်ချင်းရာ.. စဉ်းစားရင် အဖြေကထွက်ပါတယ်။ မင်းမေးတဲ့ ‘ကျောက်ပေါက်မာနဲ့ ကြက်တောင်စည်း’ ဆိုတာရဲ့ အဖြေက ‘နာနတ်သီးလေ၊ ရှမ်းတိုင်းရင်းသားရိုးရာစကားထာတွေထဲကပဲ။ ဟုတ်တယ်ဟုတ်”

ဗညားက ဉာဏ်စမ်းပဟေဠိအဖြေကို တိတိကျကျဖြေဆိုလိုက်ရာ လဂွန်းအိမ်တစ်ယောက် အသံတိတ်သွားတော့သည်။

“ဒီတစ်ခါ ငါမေးရမယ့်အလှည့်နော်၊ လဂွန်းအိမ်ရေ”

“မေးမှာသာ မေးပါ၊ ဖြေပါ့မယ်”

“မေးပြီနော်၊ ‘အပင်တစ်ရုံကြီး၊ အသီးတစ်လုံးတည်း’ ဆိုတာ ဘာလဲ”

လဂွန်းအိမ်တစ်ယောက် ခေါင်းကုတ်စဉ်းစားသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင် ဖြစ်နေရသည်။ ကဲ ဘယ်လိုလဲ သူငယ်ချင်း၊ စဉ်းစားတာနီးစပ်တဲ့အဖြေရရဲ့လား။ စောင့်ပေးပါ့မယ်ကွာ ဟင်းဟင်း”

အကြံအိုက်နေသည့် လဂွန်းအိမ်ကို ဗညားက မထိတထိပြောလိုက်ခြင်းဖြစ်သည်။

“ခဏထားလိုက်ဦးကွာ၊ နောက်မှဖြေမယ်နော်။ ငါမေးခွန်းတစ်ခု မေးလိုက်ချင်တယ်၊ ရမလား”

“ဘယ်ရမလဲ သူငယ်ချင်းရ၊ အဖြေမပေးသေးဘဲ နောက်မေးခွန်းမေးတာ လက်ခံလို့မရဘူးလေ။ ဖြေနိုင်အောင်သာ ကြိုးစားဖြေလိုက်ပါ သူငယ်ချင်းရာ၊ မှားတာမှန်တာ အဓိကမကျပါဘူးကွာ၊ ကစားတာပဲ”

လဂွန်းအိမ်၏စကားကို ဗညားကလက်မခံသဖြင့် ဖြေဆိုနိုင်ရန် ပဟေဠိအဖြေကို မရမကစဉ်းစားပြီး လဂွန်းအိမ်တစ်ယောက် အဖြေပြောရန် ပြင်ဆင်လိုက်သည်။

“ဒါဆိုရင်လည်း ဖြေမယ်ကွာ။ ‘အပင်တစ်ရုံကြီး၊ အသီးတစ်လုံးတည်း’လို့ မေးထားတာဆိုတော့ အဖြေကရှင်းမယ်ထင်ပါတယ် ဗညားရာ။ အဖြေက... ‘ဆံထုံး’ ပေါ့။ ဆံထုံးကို ခေါ်ဆိုတာပေါ့။ ဆံပင်တွေကိုစုထွေးပြီး ဆံထုံးထုံးထားတာကို စကားထာလုပ်ထားတာပေါ့ကွာ။ ရှမ်းတိုင်းရင်းသားရိုးရာစကားထာတွေပါပဲဆိုရင် မှန်တယ်မဟုတ်လား”

လဂွန်းအိမ်ဖြေဆိုလိုက်သည့်အဖြေက တိကျနေမှုကြောင့် ဗညားတစ်ယောက် မျက်လုံးပြူးသွားရသည်။

“တော်လိုက်တာ သူငယ်ချင်းရာ၊ တော်ပါပေတယ်။ ကဲ၊ ငါ ပဟေဠိမေးခွန်းမေးတော့မယ်နော်”

“မေးလေ ဗညား၊ မေးလိုက်စမ်းပါ၊ ရပါတယ်”

“မေးပါပြီဗျား ‘ကြက်ဖနီလည်ပင်းစွပ်’ဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဖြေပါသူငယ်ချင်း”

လဂွန်းအိမ်က အေးအေးလူလူဖြင့် ခပ်ပြုံးပြုံးပင်။ အဖြေကိုသိပ်ပြီးစဉ်းစားဟန်မရှိဘဲ မြက်ခင်းစိမ်းစိမ်းများကို လက်ဖြင့် တစ်ချက်ဝေ့ဝိုက်ရမ်းလိုက်ပြီး ဖြည်းဖြည်းချင်းဖြေလိုက်သည်။

“သူငယ်ချင်းမေးတာက ‘ကြက်ဖနီလည်ပင်းစွပ်’ ဆိုတာကိုမေးထားတာဆိုတော့ အဖြေက ‘ငှက်ပျောဖူးနီ’ပေါ့။ ငှက်ပျောပင်မှာ ငှက်ပျောဖူးနီတွဲကျနေခြင်းကို ဆိုလိုရင်းပေါ့ကွာ။ ရှမ်းတိုင်းရင်းသားရိုးရာစကားထာတွေထဲကပါပဲလို့ဖြေလိုက်ရင် မှန်ပြီပေါ့နော်”

“မှန်ပါ့ဗျာ၊ မှန်ပါ့ သူငယ်ချင်းရာ”

ဗညားက မှန်ကန်ကြောင်းပြန်ပြောလိုက်ရင်း မြက်ခင်းစိမ်းစိမ်းများပေါ်သို့ ပစ်လှဲချလိုက်သည်။ လဂွန်းအိမ်ကလည်း ချက်ချင်းပင် ဗညား၏နံဘေးတွင် လှဲအိပ်လိုက်ပြီး နှစ်ဦးသားမိုးကောင်းကင်ကြီးကို ငေးမောကြည့်နေကြတော့သည်။

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံနှစ်ချက်ထွက်ပေါ်လာရာ စာအံရန် အချိန်ကျလာ၍ ကျောင်းသား၊ ကိုရင်နှင့် သံဃာအပေါင်းအား အသိပေးသံချောင်းခေါက်သံဖြစ်သဖြင့် ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၇ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၆၁,၉၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၁,၀၅၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၄,၉၄၁) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၆၉၂,၉၃၈) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၆,၆၇၉,၉၀၆) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၅-၁၀-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၆၉၂,၉၃၈ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၇၉,၉၀၆ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၁၄၁၂၅၄ | ၉၆၆၁၆၅၂၉ | ၁၀၉၃၃၃၈ |
| ၂။ | အိန္ဒိယ | ၄၄၆၄၅၇၆၈ | ၄၄၀၉၅၁၈၀ | ၅၂၈၉၈၁ |
| ၃။ | ပြင်သစ် | ၃၆၆၆၆၃၈၁ | ၃၅၄၈၃၀၅၉ | ၁၅၆၆၄၀ |
| ၄။ | ဂျာမနီ | ၃၅၃၈၃၀၁၅ | ၃၃၆၀၇၉၀၀ | ၁၅၂၉၉၇ |
| ၅။ | ဘရာဇီး | ၃၄၈၄၁၂၉၄ | ၃၄၀၂၇၅၆၁ | ၆၈၇၇၉၇ |
| ၆။ | တောင်ကိုရီးယား | ၂၅၃၉၆၁၅၅ | ၂၄၉၂၄၁၁၈ | ၂၉၀၄၃ |
| ၇။ | ဗြိတိန် | ၂၃၈၅၅၅၂၂ | ၂၃၄၈၀၁၇၃ | ၁၉၂၆၈၂ |
| ၈။ | အီတလီ | ၂၃၄၀၈၃၉၃ | ၂၂၇၂၉၆၄၁ | ၁၇၈၇၅၃ |
| ၉။ | ဂျပန် | ၂၂၁၀၆၁၂၆ | ၂၀၄၇၇၄၇၆ | ၄၆၄၁၄ |
| ၁၀။ | ရုရှား | ၂၁၃၉၄၃၆၀ | ၂၀၇၅၁၈၆၄ | ၃၈၉၇၉၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၈၈၇၃ | ၁၀၆၀၁၉၃၅ | ၄၃၁၆၂ |
| ၂။ | အင်ဒိုနီးရှား | ၆၄၇၈၇၂၀ | ၆၂၉၈၇၄၀ | ၁၅၈၄၉၉ |
| ၃။ | မလေးရှား | ၄၈၈၅၅၃၉ | ၄၈၂၂၂၉၀ | ၃၆၄၅၂ |
| ၄။ | ထိုင်း | ၄၆၈၉၈၉၇ | ၄၆၄၉၅၀၉ | ၃၂၉၂၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၉၇၉၄၁ | ၃၉၁၂၇၃၃ | ၆၃၈၈၃ |
| ၆။ | စင်ကာပူ | ၂၀၇၀၇၈၄ | ၁၉၈၅၈၇၆ | ၁၆၆၆ |
| ၇။ | မြန်မာ | ၆၃၁၀၅၉ | ၆၀၄၉၄၁ | ၁၉၄၈၀ |
| ၈။ | ဘရူနိုင်း | ၂၃၄၅၈၂ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၀၅ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၇၉ | ၁၃၄၉၁၄ | ၃၀၅၆ |

## တန့်ယန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လမ်းများ ဆောင်ရွက်

တန့်ယန်း အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ နားဟုတ်ကျေးရွာအုပ်စု မန်ကျောင်း-မန်လုံကျေးရွာ ကုန်ထုတ်လမ်းအား လမ်းသိပ်သည်းမှု စံနှုန်းပြည့်မီခြင်းရှိ/မရှိ တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၄ ရက်က ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ နားဟုတ်ကျေးရွာအုပ်စု မန်ကျောင်း-မန်လုံကျေးရွာ ကုန်ထုတ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် RTB ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လမ်း၏ သိပ်သည်းမှု စံနှုန်းပြည့်မီခြင်း ရှိ/မရှိ တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် နည်းပညာဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၇၀ သန်းဖြင့် အကျယ် ၁၂ ပေ၊ အရှည် (၁/၅)မိုင်ရှိ လမ်းကို ဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)



## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထက်ခေါင်ဖြိုး [၈/အလန(နိုင်) ၁၅၁၇၆၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်(စာအုပ်)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉- ၆၆၆၆၆၅၀၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြင့်နိုင်[၉/ပဘန(နိုင်)၁၉၆၁၇၇] ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်ကို ဆက်သွယ်ပေးကြပါရန်။

**ဖုန်း-၀၉-၆၆၇၂၀၅၉၄၇**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ တိုက်အမှတ်(၇၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်တိုက်၏ ဒုတိယထပ်၊ အခန်းအမှတ်(A-3)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်) အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်မြမြအေး[၁၂/ဗတထ(နိုင်)၀၂၃၅၂]ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသောင်း [၁၁/ရဗန(နိုင်)၀၃၂၄၉၃]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေစင်ဝင်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၀၅)**
**အမှတ်-၈၀၈၊ မာဃ(၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(D/14)၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၄၆/သမိုင်း)၊ မြေကွက်အမှတ်(၁-ခ-၂/၃၀)၊ ဧရိယာ(၀.၂၄၁)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ဝင်း [၁၂/ဗဟန(နိုင်)၀၅၀၈၅၅]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ အဆိုပါမြေကွက်နှင့် အဆောက်အဦအား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်အဆောက်အဦကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၃၇၁၊ ဓေယျာသိဒ္ဓိလမ်း၊ ၃၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၃၇၁၊ ဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအေးမြင့် [၁၂/မရက(နိုင်)၀၂၆၈၂၅]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ တရားဝင်မခွဲမစိတ်ရသေးသည့် (၂၆x၆၀)ပေရှိ (ခေါင်းရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးမြင့် [၁၂/ပဘတ(နိုင်)၀၀၅၂၀၁]+၁ တို့မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## ပျဉ်းမနားခရိုင် တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၀

| | | |
|---|---|---|
| ဦးတင်ရှိန် | နှင့် | (၁) ဦးလှထွေး |
| | | (၂) ဦးတင်ဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်၊ နယ်မြေ (၄)နေ အမှတ် (၂) တရားပြိုင် ဦးတင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ရှိန်က မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်) နံနက် (၁၀) နာရီတွင် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးမိုးအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် "Crown Advanced Construction Co., Ltd." တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျွန်းတောလမ်း၊ (နာနတ်တောလမ်းနှင့် ဟံသာဝတီလမ်းကြား)၊ မြေတိုင်းရပ်ကွက်အမှတ် -၃၇ ဂျီ၊ ၃၇ အက်ဖ်နှင့် ၈၂ မြေကွက်အမှတ်(၁)၏ အစိတ်အပိုင်းတွင် တည်ရှိသည့် အိမ်ယာစီမံကိန်းအဆောက်အဦး (Time City)မှ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၉၀၅)၊ (၉)လွှာ၊ ဧရိယာ (၁၆၁၇)စတုရန်းပေရှိသော တိုက်ခန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပေါက်သူ ဒေါ်အေးအေးမော် (၁၀/သဖရ(နိုင်)၀၄၁၆၈၅)၊ ဒေါ်ဇင်သူဇာအေး (၁၂/ကမရ(နိုင်)၀၆၁၂၁၈)တို့မှ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ ၎င်းတို့ပိုင်ဆိုင်သော တိုက်ခန်းမှာ အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ၎င်းတို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်မြမြစိုး** (L.L.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၄)
တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊
၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အိမ်အမှတ်(၄၅)၊ ပထမထပ် (မှန်ခန်းအပေါ်) တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဦးညိမ်းသူအောင် [၁၂/မရက(နိုင်)၁၄၁၂၄၆]ထံမှ ကျွန်မ မဇင်မေအောင် [၁၂/ကမတ(နိုင်)၀၆၂၄၀၉] က ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဇင်မေအောင် [၁၂/ကမတ(နိုင်)၀၆၂၄၀၉]**
**အမှတ်-၂၆၊ သရက်တောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၈၂၈၃၃၀၆၊ ၀၉-၉၆၁၈၄၀၄၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ City Loft တိုက်အမှတ်(CL-Z) အခန်းအမှတ် (၆၀၃)၊ အကျယ်အဝန်း(၇၁၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း[၁၂/လသန(နိုင်)၀၁၆၅၅၆]ကိုင်ဆောင်သူမှ လက်ဝယ်ထားရှိ၍ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုလွင်မော်[၁၂/သဃက(နိုင်)၁၅၂၅၂၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးမြင့် အထက်တန်းရှေ့နေ(စဉ်-၅၀၆၀၆)**
**အမှတ်(၄၅)၊ အောင်မေတ္တာလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၀၁၂၂၂၅**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ တိုက်အမှတ်(၃၄၃/၃၄၅)၊ (၈)ထပ်တိုက်၏ (၅)လွှာ လက်ယာဘက်ခန်း၊ အကျယ်အဝန်း(၂၅ပေx၈၀ပေ)ရှိသည့် တိုက်ခန်းနှင့် ခါတ်လှေကား၊ လျှပ်စစ်မီး၊ ရေမော်တာအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လင်းလင်းခိုင်[၁၀/သဖရ(နိုင်)၀၀၂၅၆၃]ထံမှ အထက်ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုးဝင်း[၁၂/အလန(နိုင်)၀၂၃၉၉၉]က ရောင်းဖိုးငွေများကို ပေးချေပြီး (၂၉-၇-၂၀၂၂)ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုကာ ဥပဒေနှင့်အညီ ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)**
**အမှတ်(၁၈၉)၊ အောင်ကျက်သရေလမ်း၊ (၁၂)ရပ်ကွက်၊**
**ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၆၁၁၀၁၁၃၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၁

| | | |
|---|---|---|
| ဦးတင်ရှိန် | နှင့် | (၁) ဦးအေးငွေ |
| | | (၂) ဒေါ်အမာစိန် |
| | | (၃) ဒေါ်ခင်သက်လွင်(ခ) ဒေါ်သန္တာခိုင် |
| **တရားလို** | | **တရားပြိုင်များ** |

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်၊ နယ်မြေ(၄)နေ အမှတ်(၃) တရားပြိုင် ဒေါ်ခင်သက်လွင်(ခ) ဒေါ်သန္တာခိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ရှိန်က မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက် (၁၃၈၄ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ရက်) နံနက် (၁၀)နာရီတွင် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးမိုးအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City ၊ Finger Lake ၊ ခရေပင်လမ်း၊ တိုက် (L-60) တွင် နေထိုင်သော ဒေါ်မင်းမင်းမော် (၁၂/ဗတထ(နိုင်)၀၀၁၄၆၈) သည် အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသား ကို မိမိ၏ကုန်ပစ္စည်းများတွင် သုံးစွဲရန်အတွက် (၆ .၁၀ .၂၀၂၂) ရက်နေ့တွင် ( ၈၂၁၄/၂၀၂၂ ) ဖြင့် မှတ်ပုံတင်သွင်း ထားပြီးဖြစ်ပါသည် –

**မှတ်ပုံတင်စာချုပ်အမှတ်- ၈၂၁၄ /၂၀၂၂**

ဒေါ်မင်းမင်းမော်သည် အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားဖြင့် တွင်းထွက်ရတနာပစ္စည်းများ၊ ရွှေထည်များ၊ လက်ဝတ်ရတနာအထည်မျိုးစုံနှင့် ရတနာရွှေဆိုင်လုပ်ငန်းတို့ကို လုပ်ကိုင်ပါမည်။ ထိုသို့ လုပ်ကိုင်ရာတွင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင် အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးပြုလုပ်ပြီးလျှင် ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူအိတ်၊ စက္ကူဘူးအမျိုးမျိုး၊ ကတ္တီပါဘူးအမျိုးမျိုးစသည့် ထုပ်ပိုးမှုပုံစံ အမျိုးမျိုးပြုလုပ်ပြီး ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍ အင်တာနက်၊ Website တို့မှသော်လည်းကောင်း၊ ဆိုင်ဖွင့်လှစ်၍လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလုပ်ကိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိမှတစ်ပါး၊ ယင်းတံဆိပ်အမည်အမှတ်အသားကိုမှီငြမ်း၍ အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းအရပ်ရပ်မှဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် ပုံတူကူးယူခြင်း၊ ဆင်တူယိုးမှား သံတူကြောင်းကွဲပြုလုပ် သုံးစွဲခြင်း၊ သွယ်ဝိုက်၍အတုအပ ဆင်တူယိုးမှား ပြုလုပ်ထားခြင်းကိုတွေ့ရှိရပါက မိမိအကျိုးစီးပွားထိခိုက်မှုတို့ အတွက် လျော်ကြေးငွေများတောင်းဆိုနိုင်ရန်နှင့် ယင်းအတုအပ ဆင်တူယိုးမှား ပြုလုပ်ထားသည့်တံဆိပ်များကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားဥပဒေဘောင်အတွင်းမှအရေးဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဦးတင်မောင်စိန် (LL.B) | ဒေါ်ဇာနည်နှင်း (LL.B,D.B.L,D.I.L) | ဒေါ်နွယ်နီလင်း(LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၂၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၆၈၅၅) | အထက်တန်းရှေ့နေ (စဉ်-၅၂၄၄၅) |

**Libran Legal Group**

အမှတ်-၅၀၊ ၃၉ လမ်း (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉၄၅၅၆၇၆၁၂

**Info@librangroup.com , www.librangroup.com**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၅၇)၊(၄လွှာ)၊ အကျယ်အဝန်း(၂၅×၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးအောင်စန်းဦး (၁၂/စခန(နိုင်) ၀၀၈၀၇၆)မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| **ဦးမြအောင် (အောင်ကြီး)** | **ဒေါ်လွင်လွင်ယု** | **ဒေါ်အေးဆင့်ဆင့်လင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၃၉၁၃)** | **(စဉ်-၅၄၀၁၇)** | **(စဉ်-၅၃၂၁၄)** |

**Aim Law Firm**

**အမှတ်(၇၃)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉၅၁၅၁၂၄၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဗဟိုလမ်း (ရှမ်းလမ်း)၊ အမှတ်(၄၄)ပေါ်တွင် ဆောက်လုပ်ထားသော ဟောင်ကောင်ပုံစံ (၃) ထပ်တိုက်၏ ပထမထပ် (၂-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅ x ၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးဆွဲဉာဏ် (ကွယ်လွန်သူ ဒေါ်မြမြဝင်းနှင့် ဒေါ်အေးသိန်းတို့၏အစ်ကို) [၇/သနပ(နိုင်)၀၆၅၇၆၆] အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွှန့်** |
| **B.Sc,DA, HGP, R.L, DBL, DML, DIL** | **LL.B, (စဉ်-၁၀၀၆၃)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀, ၀၉ - ၄၂၁၀၃၅၉၆၃, ၀၉ - ၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၂-လမ်း၊ တိုက်အမှတ်(၁၄၁)၊ (၃)ထပ်၊ (ယာဘက်ခန်း)၊ အကျယ်အဝန်း(၁၂ ၁/၂ x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်များဖြစ်သော ၁။ ဦးမျိုးဇော်[၁၂/လသန(နိုင်)၀၁၉၁၈၁]နှင့် ၂။ ဒေါ်လှဲ့လှဲ့ခိုင်[၁၂/လသန(နိုင်)၀၀၀၇၇၀] တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **B.Sc, DA, HGP, R.L, DBL, DML, DIL** | **LL.B,D.B.L (စဉ်-၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀, ၀၉-၇၉၀၁၂၄၈၀, ၀၉-၅၀၅၃၁၀၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်။**

**တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ (Guardian)အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ် အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

## ကျွဲပွဲ-ဇရပ်ကြီးသွား ကားလမ်းပေါ်ရှိ သက်န်းတုန်းချောင်းကူးတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျွဲပွဲ-ဇရပ်ကြီးသွား ကားလမ်းပေါ်ရှိ သက်န်းတုန်းချောင်းကူးတံတားအား ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဖက်ဝင်ကုန်းကျေးရွာ၏ အရှေ့ဘက် မီတာ ၁၀၀ ခန့်အကွာ ကျွဲပွဲ-ဇရပ်ကြီးသွား ကားလမ်းပေါ်ရှိ အရှည် ၁၀၅ ပေ၊ အကျယ် ၁၄ ပေ သံကူကွန်ကရစ်အမျိုးအစား သက်န်းတုန်း ချောင်းကူးတံတားအား

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✻**



PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားပျက်စီးမှုကို တွေ့ရစဉ်။

**ယနေ့** ဖတ်စရာ


### တစ်ပတ်အတွင်း မတ်ပဲဈေးနှုန်းနှင့် သုံးသပ်ချက်

စာမျက်နှာ » ၁၂

### မန္တလေးဝန်းကျင်ရှိ မြန်မာ့ဓလေ့ ဇီးကွက်သောက်ရေအိုးစင်များ

စာမျက်နှာ » ၁၈





### ရှေးခေတ် ရှမ်းတိုင်းရင်းသား ပုံပြင်များ

စာမျက်နှာ » ၁၉

## MNL ပြိုင်ပွဲတွင် ဟံသာဝတီအသင်း ခုနစ်ပွဲဆက်အနိုင်ရ

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) စတုတ္ထနေ့ကို အောက်တိုဘာ ၂၆ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။




ဟံသာဝတီအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**အနိုင်သုံးမှတ်ရ**

ဟံသာဝတီအသင်းသည် မိနစ် ၇၀ ကျော်အထိ တစ်ဂိုးဖြင့်ရှုံးနေရာမှ ချေပဂိုးနှင့် အနိုင်ဂိုးပြန်သွင်းကာ အနိုင်သုံးမှတ် ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ဒုတိယအကျော့ ခုနစ်ပွဲဆက်တိုက် အနိုင်ရထားခြင်းဖြစ်ပြီး ဒုတိယနေရာအတွက် ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ မြဝတီအသင်းမှာ ဒုတိယအကျော့တွင် မျှော်မှန်းသလောက် ရလဒ်မကောင်းသေးဘဲ ဟံသာဝတီအသင်း၏ ပထမအကျော့ ရှုံးကြွေးပြန်ဆပ်ခြင်းခံခဲ့ရသည်။

**စာမျက်နှာ ၂၁ ကော်လံ ၅ သို့ ❒**




ပီအက်စ်ဂျီအသင်းသားများ အောင်ပွဲခံစဉ်။

## ချယ်လ်ဆီးနှင့် ပီအက်စ်ဂျီတို့ နိုင်ပွဲကိုယ်စီရရှိ

ချယ်လ်ဆီးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်(၅)မှာ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ○**